ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့၊ (24-7-2005) (၄၆၆၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

တီမောလက်(စ်)တေနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒေါက်တာဟိုဆေးရာမို့ဟော်တာအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒေါက်တာဟိုဆေးရာမို့ဟော်တာနှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒေါက်တာဟိုဆေးရာမို့ဟော်တာနှင့်အတူ ဂျကာတာမြို့၌ ရုံးစိုက်သည့် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး ရက်ဗရင်အာလင်ဒိုမာဆာ၊ နိုင်ငံခြားရေးရာနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာနယ်လ်ဆင်ဆန်တော့စ်၊ ဒေသတွင်းရေးရာဌာန ညွှန်ကြားရေးမှူး မစ္စတာ ဂျူဗန်စီယိုဒီဂျေဆပ်စ်မာတင်နှင့် ဝန်ကြီး၏အကြံပေး မစ္စ ဆိုနီယာနီတိုတို့လည်း တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တီမောလက်(စ်)တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒေါက်တာဟိုဆေးရာမို့ဟော်တာအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၄-၇-၂၀၀၅
(တနင်္ဂနွေနေ့)

ဒေသ စိမ်းလန်းစိုပြည်ရေး အကျိုးပြု သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်

ကမ္ဘာပေါ်ရှိ လူသားများ အပါအဝင် သက်ရှိအားလုံး၏ ပတ်ဝန်းကျင်တွင် လေထု၊ ရေထု၊ မြေထု၊ သစ်ပင်တောတောင် သဘာဝသယံဇာတများဖြင့် ဝန်းရံနေသည်။ ကမ္ဘာ့လူသားအားလုံး ဖူလုံပြည့်စုံစွာ စားသောက်နေထိုင်နိုင်ရေး၊ သက်ရှိအားလုံး ဆက်လက်ရှင်သန်နိုင်ရေးတို့အတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိနေရန် လိုအပ်သည်။

ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံတိုင်းက သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ ယိုယွင်းပျက်စီးမှုမရှိစေရေးအတွက် အလေးထား ဆောင်ရွက်လာကြသည်။ သစ်တော၊ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပြုန်းတီးမှုမရှိစေရေး ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင် လုပ်ကိုင်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် အစဉ်အလာသည် ရှေးကာလရှည်လျားစွာကပင် တည်ရှိခဲ့သည်။ မြန်မာနိုင်ငံသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမြတ်နိုးမှုကို မြို့ပြနှင့် ကျေးလက်တစ်ခွင်ရှိ သာယာလှပ စိမ်းလန်းစိုပြည်နေသည့် ရှုခင်းမြင်ကွင်းများက အထောက်အထားအဖြစ် ဖော်ပြနေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၁၉၉၄ ခုနှစ်မှ စတင်အကောင် အထည်ဖော်ခဲ့ပြီး ယခုအခါ ၁၃ ခရိုင်အထိ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်းရာသီဥတုပူပြင်းသောဒေသသည် ယခုအခါ သစ်တော သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်လျက်ရှိနေသည်။

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက်လည်း ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိ ငါးနှစ်စီမံချက်ဖြင့် သဘာဝသစ်တောများ ထိန်းသိမ်းခြင်း၊ ကျွန်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများကလည်း ဒေသအလိုက် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်၊ သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပါဝင်ကြိုးပမ်းဖော်ဆောင်နေကြကြောင်း တွေ့မြင်နေရသည်။

ရန်ကုန်တိုင်းအတွင်း သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိရာ ဇူလိုင်လ ၁၇ ရက်နေ့က မှော်ဘီမြို့နယ် နယ်မြေခံ တပ်ရင်းနှင့် တိုက်ကြီးမြို့နယ် ကျားချောင်းကျေးရွာအနီးတို့၌ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များနှင့် ရတနာတန်းဝင်ပင်များ စိုက်ပျိုးခဲ့ကြသည်။

တိုက်ကြီးမြို့နယ်သည် ပဲခူးရိုးမနှင့် ဆက်စပ်လျက်ရှိသည့်အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုတွင်ပါ အကျုံးဝင်လျက်ရှိသည့်အပြင် မိုးစပါး၊ နွေစပါးများ ကွက်လပ်မကျန် စိုက်ပျိုးခြင်း၊ စပါးစိုက်ပျိုးနိုင်ခြင်းမရှိသည့် မြေနေရာ များ၌ ရတနာတန်းဝင်ပင်၊ အရိပ်ရပင်၊ ရာသီသီးပင်၊ စားသုံးသီးပင်များကို အလေးထားစိုက်ပျိုးလျက်ရှိသည်။

မှော်ဘီမြို့နယ်အတွင်း ကျင်းပခဲ့သည့် သစ်ပင်စိုက်ပျိုးပွဲ၌ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ နှစ်ရှည်စားသုံးသီးပင်၊ အရိပ်ရလေကာပင် ၁၂၀၀၀ ကျော် တစ်ချိန်တည်း တစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြသည်။

ဥတုရာသီ တောကိုမှီ၏ ဟူသည့် ဆောင်ပုဒ်နှင့်အညီ သစ်ပင်၊ သစ်တောများ စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ရာသီဥတုမှန်ကန်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ပေသည်။ ရှေးအစဉ်အဆက် စိုက်ပျိုးထားခဲ့ကြသည့် သစ်ပင်၊ သစ်တောများ၏ အကျိုးကျေးဇူးကို မျက်မှောက်ခေတ်တွင် အမွေဆက်ခံ အကျိုးခံစားနေကြရပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအားလုံးက သစ်ပင်သစ်တောကို မြတ်နိုးတန်ဖိုးထားသည့်စိတ်၊ သစ်ပင်စိုက်ပျိုးခြင်းကို ဝါသနာပါသည့် အလေ့အထကောင်းများမွေးမြူပြီး ဒေသစိမ်းလန်းစိုပြည်ရေး အကျိုးပြု သစ်ပင်၊ သစ်တောများ တိုးချဲ့ စိုက်ပျိုးကြရန်နှင့် စိုက်ပျိုးပြီး သစ်ပင်များ ရှင်သန်ကြီးထွားရေးအတွက် မပြတ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်မြို့ မြို့လုံးကျွတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၂၃

ဧရာဝတီတိုင်း ပုသိမ်မြို့ (၅၃)ကြိမ်မြောက် မြို့လုံးကျွတ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲက ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ရင်ပြင်ရှိ ဦးမောင်ကြီးတန်ဆောင်း၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ညောင်ပင်သာပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတအမှူးပြုသော ဆရာတော် ၁၅ ပါး ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ အလှူရှင်များက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး တိုင်းသံဃနာယကဥက္ကဋ္ဌ မောင်းထောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မဟောသဓာပဏ္ဍိတ ထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဖွင့်လှစ်ပေး

ညနေပိုင်းတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းမှ ထွက်ခွာသွားကြပြီး ကွင်းဖွင့်ပွဲ ပွဲစဉ်အဖြစ် ပုသိမ်ဇုန် (၂) အသင်းနှင့် ဟင်္သာတ ဇုန်အသင်းတို့ ယှဉ်ပြိုင်ကြရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြိုင်ပွဲသို့ တိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၂၈သင်းက ခြောက်ဇုန်ဖြင့် ဇူလိုင် ၃၁ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

အရင်းမပျောက် မတည်ငွေပေးအပ်ပွဲ ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အရင်းမပျောက် မတည်ငွေပေးအပ်ခြင်းနှင့် သစ်သီး၊ ပန်းအလှပြင်၊ စက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မိသားစု ဝင်ငွေတိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေနှင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အရင်းမပျောက်မတည်ငွေများ ထုတ်ပေးပံ့ပိုးပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက ရန်ကုန်အရှေ့ပိုင်း ခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများအတွက် အရင်းမပျောက် မတည်ငွေကျပ် ၁၀၀၀၀စီကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများထံသို့ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး ဖွင့်လှစ်သည့် သစ်သီးနှင့် ပန်းအလှပြင် သင်တန်းကို ယနေ့မှ ဇူလိုင် ၂၉ ရက်အထိလည်းကောင်း၊ စက်ချုပ်သင်တန်းကို စက်တင်ဘာ ၂၃ ရက်ထိလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အရင်းမပျောက် မတည်ငွေပေးအပ်ခြင်းနှင့် သစ်သီး၊ ပန်းအလှပြင်၊ စက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၀၅) ဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများသို့ အရင်းမပျောက်မတည် ငွေများပေးအပ်စဉ်။ (ရန်ကုန်တိုင်း)

သာစည်မြို့နေ ပြည်သူလူထု ရေဖူလုံရေး စီစဉ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၃

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့လူထု သုံးစွဲရေဖူလုံစေရေးအတွက် မင်းလှ ကန်တော်ကြီးမှရေကို ပိုက်သွယ်တန်း ဖောက်ယူ၍ အမှတ်(၄) ထိန်ကန်ရပ်ကွက် အနီးတွင် ရေစုကန်၊ ရေစစ်ကန်များထားရှိကာ သန့်ရှင်းသောရေများအဖြစ်သို့ ပြောင်းလဲပြီး မြို့လူထုအား နေ့စဉ်ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဝေပေးသည့် ရေစုကန်၊ ရေစစ်ကန်များအမြဲသန့်ရှင်းမှုရှိရေး၊ ပိုးမွှားကင်းစင်ရေးတို့အတွက် အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကြိုင်နှင့် ဝန်ထမ်းများသည် ဇွန် ၂၈ ရက် နံနက်တွင် ရေစစ်ကန်မှ ကျောက်များကို ပြန်လည်ဆေးကြောခြင်း၊ ရေစုကန်အတွင်းမှ နုန်းများကို ပြောင်စင်အောင် ဆယ်ယူခြင်း လုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **မိုးကုတ်ဆရာတော်ကြီး၏ တရားတော်**
  မနောပေါက်ကို ဝိပဿနာရှုထည့် တရားတော်
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်**
  ဗုဒ္ဓ၏အဗျာကတ တရား(၁၀)ပါး (တတိယနှစ်-အရှေ့တိုင်းပညာ)
- **၄:၅၀** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း- "လောကခံအတွက် လက်သီးတစ်ချက်" (အပိုင်း-၁၆) ဇာတ်သိမ်း**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၅။ ပဟေဠိနန်းတော်
  - ၁၆။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ဘာသာဋီကာကျမ်းပြုအကျော် ဆရာတော်
  - ၁၇။ ယနေ့ညအတွက် မြဝတီတေးလက်ဆောင်
  - ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း- "နှင်းနဂါးသိုင်း" (အပိုင်း-၁၂)**
  - ၁၉။ သင့်အတွက်မနက်ဖြန်
  - ၂၀။ အပိတ်နှုတ်ဆက်စကား
  - ၂၁။ ပြီးပါပြီ။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန၏ အငှမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် မဟာဝိဇယစေတီတော် ပရဝဏ်အတွင်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပရာ မဟာစည်သာသနာ့ရိပ်သာ နာယက ကျောက်ပန်းတောင်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီ၊ ဒုတိယဝန်ကြီး ဦးဖေသန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး၊ ဌာနအကြီးအကဲများနှင့် ဇနီးများ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

တရားတော်နာယူ

ရှေးဦးစွာ မဟာစည်သာသနာ့ရိပ်သာ နာယက ကျောက်ပန်းတောင်းဆရာတော် ဘဒ္ဒန္တကုမာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီတို့က ကျောက်ပန်းတောင်း ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများနှင့် ဇနီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများက ဆရာတော်များအား နေ့ဆွမ်း ဆက်ကပ်ကြသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန၏ အငှမ အကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားတွင် မဟာစည် သာသနာ့ရိပ်သာ နာယက ကျောက် ပန်းတောင်း ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တကုမာရထံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီတို့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (ပို့ဆောင်ရေး)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း လှိုင်သာယာမြို့နယ် အောင်ဇေယျ တံတားထိပ်မှ လှိုင်သာယာ အဝိုင်းအကြား ညောင်တုန်းလမ်း ဝဲယာတစ်လျှောက် သတ္တမအကြိမ် စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် ပန်းအိပင်ကို စိုက်ပျိုးပေးစဉ်။ (မြို့တော်စည်ပင်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှိုင်သာယာမြို့နယ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ဦးဆောင်၍ သတ္တမအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက် အားပေးကြည့်ရှုစစ်ဆေးပြီး ပန်းအလှပင်မျိုးနွယ်ဖြစ်သည့် ပန်းအိပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနမှူးများ၊ ဝန်ထမ်းများ၊ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ရပ်ကွက်ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နယ်နေ ပြည်သူများ တက်ရောက်အားပေးကြသည်။

စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် လှိုင်သာယာမြို့နယ် အောင်ဇေယျ တံတားထိပ်မှ လှိုင်သာယာအဝိုင်း အကြား ညောင်တုန်းလမ်း ဝဲယာတစ်လျှောက်၌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ကော်မတီဝင်များ၊ ဧည့်သည်တော်များသည် ပန်းအလှပင် မျိုးနွယ်ဖြစ်သည့် ပန်းအိပင် ၁၁၂၀ကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

အခမ်းအနားအပြီးတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများသည် လှိုင်သာယာမြို့နယ် ညောင်တုန်းလမ်းမကြီးအနီး၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဒဂုံဧရာ ပွဲရုံနှင့် အဝေးပြေး ယာဉ်ရပ်နားစခန်းသို့ သွားရောက်ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒဂုံဧရာပွဲရုံနှင့် အဝေးပြေး ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံးခန်းမ၌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဌာနမှူး ဦးအောင်ဇင်၊ ဒုတိယဌာနမှူး ဦးကြည်မြင့်၊ စခန်းတာဝန်ခံ ဦးအေးဝင်းတို့က ညောင်တုန်းလမ်းမကြီးအနီး မြေဧရိယာအကျယ်အဝန်း ၁၃၄ ဒသမ ၄၁၃ ဧက၌ ဒဂုံဧရာပွဲရုံနှင့် အဝေးပြေး ယာဉ်ရပ်နားစခန်း တည်ဆောက်ထားရှိမှု၊ ဧရာဝတီတိုင်းသို့ ခရီးသည်တင် ယာဉ်ပြေးဆွဲရန် ဂိတ်ပေါင်း ၄၈ဂိတ်နှင့် ရခိုင်ပြည်နယ်သို့ ပြေးဆွဲရန် ဂိတ်နှစ်ဂိတ်ဖွင့်လှစ် ထားရှိမှု၊ စခန်းဝင်း အတွင်း ဒဂုံဧရာလမ်းမကြီး အပါအဝင် လမ်း ၁၃ လမ်း ဖောက်လုပ်နေမှု၊ ပုသိမ်လမ်းနှင့် ဟင်္သာတလမ်းကျောက်ချော ကတ္တရာ ခင်းကျင်းနေမှု၊ လျှပ်စစ်မီးနှင့် သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ တည်းခိုခန်းများ ဆောက်လုပ်ဆောင်ရွက်ပြီးစီးနေမှုနှင့် အပိုင်းလေးပိုင်းခွဲကာ လယ်ယာထုတ်ကုန်ပစ္စည်းပွဲရုံ၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းပွဲရုံ၊ ကုန်မာနှင့် အထွေထွေ ရောင်းဝယ်ရေးပွဲရုံ၊ ရေထွက်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံများ တည်ဆောက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

အထူးဂရုပြု

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အရှည်ပေ ၃၆၀၊ အကျယ် ၂၄ပေရှိ ပုသိမ်လမ်း ကျောက်ချော ကတ္တရာခင်းကျင်းနိုင်ရန် ရေပိတ်လွှာခင်းကျင်းနေမှုနှင့် ယာဉ်ဝင်ထွက်သွားလာမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ စခန်းတာဝန်ရှိသူများအား ဒဂုံဧရာပွဲရုံနှင့် အဝေးပြေးယာဉ် ရပ်နားစခန်းနှင့် ရန်ကုန်မြို့တွင်းသို့ ဆက်သွယ်သွားလာမှု အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ရေး၊ ခရီးသည် နားနေဆောင်များ ဆောက်လုပ်ပေးရေး၊ အဝေးပြေး ကုန်တင်ယာဉ်ကြီးများ ရပ်နားကွင်း ဆောက်လုပ်ထားရှိရေးနှင့် စခန်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေး၊ စိမ်းလန်းစိုပြည် သာယာလှပစေရေးလုပ်ငန်းများ အထူးဂရုပြု စီစဉ်ဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပြည်နယ်/တိုင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ အသံလွှင့်ကြေညာပေးမည်

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများအနက်မှ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ပြည်နယ်နှင့်တိုင်းများရှိ စာစစ်ဌာနများမှ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှ ယနေ့ဇူလိုင် ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ၄၁ ဒသမ ၇၅ မီတာမှ အသံလွှင့် ကြေညာပေးမည်ဖြစ်သည်။

ထိုသို့ကြေညာရာတွင် ကချင်ပြည်နယ်မှ တနိုင်း၊ မချမ်းဘော၊ ပူတာအို၊ နောင်မွန်း၊ ဖားကန့်၊ ဆွမ်ပရာဘွမ်နှင့် ချီဖွေ၊ ကရင်ပြည်နယ်မှ ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကမမောင်း၊ ချင်းပြည်နယ်မှ ကန်ပက်လက်၊ မတူပီ၊ မင်းတပ်နှင့် ပလက်ဝ၊ ရခိုင်ပြည်နယ်မှ ဂွ၊ ကျိန္တလီနှင့် မာန်အောင်၊ ရှမ်းပြည်နယ်မှ မိုးမိတ်၊ နမ့်ဆန်(မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ မိုင်းရှူး၊ တုန်ဟုန်းနှင့် မန်တုံ၊ တနင်္သာရီတိုင်းမှ ပုလော၊ ဘုတ်ပြင်းနှင့် ပလ၊ မကွေးတိုင်းမှ ပေါက်၊ ထီးလင်း၊ ဆော၊ လောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့် ငဖဲ၊ စစ်ကိုင်းတိုင်းမှ နန်းယွန်း၊ လေရှီး၊ လဟယ်နှင့် ရန်ကုန်တိုင်းမှ ကိုကိုးကျွန်း စသည့် စာစစ်ဌာနများကို ကြေညာပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကွယ်လွန်သူ အဖ ဦးဝင်းမောင်၊ အမိ ဒေါ်ကျင်မြိုင်တို့အား ရည်စူး၍ အမှတ်(၉) စံပယ်လမ်း ရေကျော် ပုဇွန်တောင်နှင့် အမှတ်(၂၃) ၃၅လမ်း (အောက်ဘလောက်) ကျောက်တံတားမြို့နယ်နေ သားသမီးများဖြစ်ကြသော ဒေါ်တင်ညွန့်၊ ဒေါ်တင်တင်မွေး၊ ဒေါ်ယဉ်ယဉ်ဌေး မိသားစုက အလှူငွေ ကျပ်နှစ်သိန်းနှစ်သောင်းငါးထောင်ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်သို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခမောက်ကြီး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်စတင်ထုတ်လွှင့်

ရန်ကုန် ဇူလိုင် ၂၃

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ တနင်္သာရီတိုင်း ခမောက်ကြီး၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၅ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

၂၀၀၅ခုနှစ် ဇူလိုင် ၁၈ရက်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အဆိုပါစက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လှိုင်းနှုန်း ၈ ဖြင့် အရုပ်/အသံ ကြည်လင်ပြတ်သားစွာ ထုတ်လွှင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေလျှင်လှုပ်ရှား

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၅ ခုနှစ် ဇူလိုင် ၂၃ ရက် ယနေ့ မြန်မာစံတော်ချိန် ၀၅ နာရီ ၁၆ မိနစ် ၂၆ စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေလျင်စခန်းမှ တောင်ဘက် မိုင် ၂၅၀ ခန့် ကွာဝေးသော ကပ္ပလီကျွန်းစု (အိန္ဒိယဒေသ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေလျင် တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။ (သတင်းစဉ်)

ကန်အရပ်ဘက်လေယာဉ်များ ဒုံးကျည်ကာကွယ်ရေးစနစ်တပ်ဆင်ရေး စရိတ်စကကြီးမားပြီးအကျိုးမများနိုင်ဟုဆို

ဝါရှင်တန် ဇူလိုင် ၂၂

အမေရိကန်အရပ်ဘက် သယ်ယူပို့ဆောင်ရေး လေယာဉ်များတွင် တပ်ဆင်အသုံးပြုမည့် ဒုံးကျည်ကာကွယ်ရေးစနစ်သည် ဒုံးအမျိုးအစားမျိုးစုံကို အကာအကွယ်ပေးနိုင်သောစနစ်မျိုး မဟုတ်ခြင်းနှင့် လေယာဉ်အမျိုးအစားအားလုံးတွင် အသုံးပြုသော စနစ်မျိုးမဟုတ်ခြင်းတို့ကြောင့် စရိတ်စကကြီးမားစွာ ရင်းနှီးမြှုပ်နှံရသော်လည်း အကျိုးမများနိုင်သည့် ကာကွယ်ရေးစနစ်မျိုးသာဖြစ်ကြောင်း လေကြောင်းလိုင်းများထံမှ ထွက်ပေါ်လာသော သတင်းကဆိုသည်။

အမေရိကန် အစိုးရက လေယာဉ်လိုင်းများတွင် ဒုံးကာကွယ်ရေးစနစ်များ တပ်ဆင်စေရန် ကြိုးပမ်းသည့် ကိစ္စမှာ အကျိုးများစရာ အကြောင်းနည်းပါးသည်ဆိုသော အထက်ပါဝေဖန်ချက်ကို လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့၏ အကြီးအကဲ ဂျိမ်းစ်မေက ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုဒုံးကာကွယ်ရေးစနစ်ကို အသုံးပြုမည်ဆိုပါက ထိုစနစ်သည် တိုက်ခိုက်လာသော ဒုံးအမျိုးအစား အားလုံးကို အကာအကွယ်ပေးနိုင်သည်ဟု ဆိုနိုင်သော အခြေအနေကို မတွေ့ရကြောင်း ဂျိမ်းစ်မေက သတင်းထောက်များနှင့် တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

တွက်ခြေမကိုက်

ကာကွယ်ရေးစနစ်အဖြစ် တပ်ဆင်အသုံးပြုရန် ရည်ရွယ်ထားသော စနစ်ပေါ်ထွက်လာစေရန်အတွက် အမေရိကန်ဒေါ်လာ၄၀ဘီလီယံရင်းနှီးမြှုပ်နှံလုပ်ကိုင်ရမည်ဖြစ်သည်။ထိုစနစ်ကို လေကြောင်းကုန်သွယ်ရေး လေယာဉ်များတွင် ဤမျှများပြားစွာ အကုန်အကျခံကာ ရင်းနှီးတပ်ဆင်ထားသည့်တိုင်အောင် အမေရိကန်အရပ်ဘက်လေကြောင်းတွင်ပြေးဆွဲနေသောလေယာဉ်စင်းရေပေါင်း ၆၈၀၀ တွင် တပ်ဆင်ရေးကိစ္စမှာ ကုန်ကျစရိတ်နှင့် ရရှိမည့်အကျိုးကျေးဇူးကို ချိန်စက်ကြည့်လျှင် တွက်ခြေမကိုက်ကြောင်း အမေရိကန်လေကြောင်း လုပ်ငန်းကြီးတစ်ခုက ဆိုသည်။

အကုန်အကျများ

ပြီးခဲ့သော သီတင်းပတ်အတွင်းက ဂျိမ်းစ်မေသည် အမေရိကန် အိမ်ဖြူတော်၏ အမိမြေလုံခြုံရေးဌာနအကြံပေးဖရန်စစ်တောင်ဆင်ထံသို့ လေယာဉ်ဒုံးကာကွယ်ရေးစနစ်နှင့် ပတ်သက်၍ စာတစ်စောင် ပေးပို့ခဲ့သည်။ ယင်းစာတွင် အရပ်ဘက် လေယာဉ်များတွင် ဒုံးကာကွယ်ရေးစနစ် တပ်ဆင်ရေးကိစ္စမှာ အကုန်အကျသာများပြီး ကုန်ကျစရိတ်နှင့် ကာမိလောက်အောင် ထိုက်တန်သော အကာအကွယ်မျိုးရနိုင်မည် မဟုတ်ကြောင်းကို ဂျိမ်းစ်မေက ထည့်သွင်းရေးသားထားသည်။

ဖိအားပေးမှုများရှိ

အမေရိကန် အရပ်ဘက်လေယာဉ်များတွင် ဒုံးကာကွယ်ရေးစနစ်များ တပ်ဆင် ရမည်ဆိုသော ပြဋ္ဌာန်းချက်မျိုး ထားရှိရန်အတွက် ကွန်ဂရက်တွင် ဖိအားပေးမှုများရှိနေသည်ဟုဆိုသည်။ ထိုအခြေအနေမျိုးရှိနေသော်လည်း အမိမြေလုံခြုံရေးဌာနသည် ဒုံးကာကွယ်ရေးစနစ်တပ်ဆင်ရေးလုပ်ငန်းကို ထောက်ခံရေး မထောက်ခံရေးကိစ္စကို အဆုံးအဖြတ်မပေးရသေးကြောင်း သိရသည်။

လေယာဉ်များတွင် တပ်ဆင်မည့် ဒုံးပျံကာကွယ်ရေးစနစ်နှင့် ပတ်သက်၍ စမ်းသပ်မှုများ ပြုလုပ်နေဆဲ ဖြစ်ပြီး ထိုစမ်းသပ်မှု၏အဖြေကို ၂၀၀၆ ခုနှစ် အစောပိုင်းလောက်တွင်မှ သိရမည်ဖြစ်သည်။ လေယာဉ်များတွင် တပ်ဆင်ရန် ဖြစ်နိုင်ချေရှိမရှိ၊ ကုန်ကျစရိတ်၊ အသုံးဝင်မှု၊ ယုံကြည်စိတ်ချရမှုနှင့် ဒုံးကာကွယ်ရေးစနစ်နှင့် ပတ်သက်၍ အခြားသော အကြောင်းအရာများကို လေ့လာမှုအစီရင်ခံစာတွင် တင်ပြသွားမည်ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်တပ်ဖွဲ့မှ ကင်းလှည့်ယာဉ် ဗုံးဖောက်ခွဲတိုက်ခိုက်ခံရ

တီကရစ် ဇူလိုင် ၂၂

အီရတ်နိုင်ငံ မြောက်ပိုင်း တိုခိုမာတူမြို့တွင် အမေရိကန်တပ်ဖွဲ့မှ ကင်းလှည့်လာသော တပ်ဖွဲ့ဝင်များကိုပစ်မှတ်ထားကာ ဗုဒ္ဓဟူးနေ့က ကားဗုံးခွဲတိုက်ခိုက်ရာ ဟမ်ဗီးစစ်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးသို့မဟုတ် ဒဏ်ရာရရှိမှု ဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထောင်ချောက်ဆင်

တိုခိုမာတူမြို့တွင် ခုခံတိုက်ခိုက်ရေးသမားများက ထောင်ချောက်ဆင်ထားသော မော်တော်ကားတစ်စီးကို လမ်းဘေးတွင် ရပ်တန့်ထားပြီး ဗုဒ္ဓဟူးနေ့ နံနက်အစောပိုင်းတွင် ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ အမေရိကန်တပ်ဖွဲ့မှ ကင်းလှည့်ယာဉ် ဖြတ်သန်းလာစဉ် ဗုံးဖောက်ခွဲခဲ့ကြောင်း အမေရိကန်နှင့် အီရတ် ပူးတွဲညှိနှိုင်းရေးဌာနမှ ရဲအရာရှိ တစ်ဦးက ပြောကြားသည်။

ရှာဖွေစစ်ဆေး

ယင်းဖြစ်စဉ်တွင် အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ တီကရစ်မြို့၏ အရှေ့ ဘက်ကီလိုမီတာ ၉၀ ခန့် အကွာရှိ အဆိုပါ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန် တပ်ဖွဲ့ဝင်များက ဗုံးပေါက်ကွဲသည့် နေရာသို့ ဦးတည်သော လမ်းများအားလုံးကို ပိတ်ဆို့လိုက်ကာ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ အမေရိကန် တပ်ဖွဲ့ဝင်များသည် ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ သင်္ကာမကင်းဖွယ်ရာ နေအိမ်များ အတွင်းသို့လည်း စီးနင်းဝင်ရောက်ကာ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

မြို့တော် ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၁၇၀ အကွာရှိ တီကရစ်မြို့သည် ဘဂ္ဂဒက်မြောက်ဘက်နှင့် ဘဂ္ဂဒက်အနောက်ဘက်ရှိ ဆွန်နီတြိဂံဒေသဟုခေါ်တွင်သော ဒေသတွင် ပါဝင်ပြီး ယင်းတြိဂံဒေသသည် အမေရိကန် တပ်ဖွဲ့ဝင်များအား ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်မှုများ ပြုလုပ်နေသည့် နေရာဒေသတစ်ခုဖြစ်သည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တပ်သားစုဆောင်းရေးစခန်းအနီး ဗုံးဖောက်ခွဲ ခံရပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော ကန်တပ်ဖွဲ့ဝင်များကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာချေးဒေသတွင် ငလျင် ထပ်မံလှုပ် အထိအခိုက်အသေအပျောက် မသိရသေးဟုဆို

ဂျကာတာ ဇူလိုင် ၂၂

အာချေးပြည်နယ် အနောက်ဘက်ကမ်းခြေတွင် အင်အား၅ဒသမ၆ အဆင့်ရှိ ငလျင်တစ်ခု ကြာသပတေးနေ့တွင် လှုပ်ခတ်သွားကြောင်း မိုးလေဝသဌာနက ပြောကြားခဲ့သည်။ သို့သော် ထိုငလျင်ကြောင့် ပျက်စီးမှုနှင့် ထိခိုက်သေဆုံးမှုများကို မသိရှိသေးဟု ဆိုသည်။

ဗဟိုပြု

အာချေးပြည်နယ် အနောက်ဘက် မီလာဘိုမြို့အရှေ့တောင်ဘက် ၁၇ကီလိုမီတာခန့်အကွာရှိ ပင်လယ်ရေမျက်နှာပြင် အနက် ၃၃ ကီလိုမီတာကို ဗဟိုပြု၍ နံနက် ၈နာရီ ၄၂မိနစ်တွင် လှုပ်သွားခဲ့သည်ဟု အဆိုပါဌာနက ပြောကြားသည်။

ပြင်းထန်စွာခံရ

ယမန်နှစ်ဒီဇင်ဘာ ၂၆ရက်တွင် အင်အား ပြင်းထန်သော ငလျင်လှုပ်သွားပြီး ဆူနာမီရေလှိုင်းများ ကျရောက်ခြင်းကြောင့် မီလာဘိုမြို့သည် အကြီးအကျယ် ပျက်စီးခဲ့ပြီး ငလျင်ဒဏ်ကို ပြင်းထန်စွာခံရသည်။ နောက်ဆုံး လှုပ်သွားသောငလျင်ကြောင့်အပျက်အစီးနှင့် ဒဏ်ရာရရှိမှုကို ယခုအချိန်အထိ မသိရှိရသေးကြောင်း အမျိုးသား မိုးလေဝသနှင့် ဘူမိရူပအဖွဲ့က ပြောဆိုခဲ့သည်။ ပစိဖိတ်ဒေသများတွင် တိုက်ကြီးများ၏ မြေလွှာချပ်များ တွေ့ဆုံရာနေရာတွင် တည်ရှိသောကြောင့် အင်ဒိုနီးရှားနိုင်ငံဒေသ အများအပြားသည် ငလျင် လှုပ်ရှားမှုများ ဖြစ်ပွားနေခြင်းဖြစ်သည်ဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ စူမားတြားကျွန်း၌ ယမန်နှစ် ဒီဇင်ဘာ၂၆ရက်က အင်အား ၉ဒသမ၁အဆင့်ရှိ ငလျင်ပြင်းထန်စွာ ကျရောက်မှုကြောင့် အင်ဒိုနီးရှား ပင်လယ် အာချေးဒေသတွင် ဆူနာမီရေလှိုင်းဒဏ်ကိုခံခဲ့ရသည်။ ဆူနာမီရေလှိုင်းဒဏ်ကို ဆိုးရွားစွာခံခဲ့ရသော ဒေသများတွင် အာချေးဒေသသည် တစ်ခုအပါအဝင် ဖြစ်ပြီး အနည်းဆုံးလူ ၂၂၀၀၀၀ ခန့် သေဆုံးခဲ့ကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ရဲတပ်ဖွဲ့တပ်ရင်းများအနက်ထက်ဝက်ခန့်သာ ခုခံတိုက်ခိုက်မှုများကို ချေမှုန်းနိုင်စွမ်းရှိ

ဝါရှင်တန် ဇူလိုင် ၂၂

အီရတ်နိုင်ငံရှိ ရဲတပ်ဖွဲ့တပ်ရင်းများအနက် ထက်ဝက်ခန့်သည် ခုခံတိုက်ခိုက်ရေးသမားများအား ချေမှုန်းသော စစ်ဆင်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်စွမ်းရှိကြောင်း၊ သို့ရာတွင် အီရတ် ကြည်းတပ်တပ်ရင်းများ၏ သုံးပုံနှစ်ပုံနှင့် ကျန်ရှိသော ရဲတပ်ဖွဲ့များမှာမူ စစ်ဆင်ရေးလုပ်ငန်းများတွင် တစ်စိတ်တစ်ဒေသသာ ပါဝင်လုပ်ကိုင်နိုင်စွမ်းရှိကြောင်း အမေရိကန်မရိန်းတပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး ပီအာဖေ့စ်က ကွန်ဂရက်လွှတ်တော်ရှိ လက်နက်ကိုင်တပ်ဖွဲ့များရေးရာကော်မတီ၏ ကြားနာစစ်ဆေးမှုတစ်ရပ်တွင် ပြောကြားသည်။

အီရတ်နိုင်ငံရှိ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့သည် ခုခံတိုက်ခိုက်ရေးသမားများကို ထောက်ခံသူများ ဖြစ်နေပြီး ၎င်းတို့ကိုယ်တိုင် အကြမ်းဖက်မှုများကို ပြုလုပ်တတ်ကြောင်း အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ပီတာဖေ့စ်ကပြောကြားသည်။

အမေရိကန်က လေ့ကျင့်ပေးထားသော အီရတ်လုံခြုံရေးတပ်ဖွဲ့များက အီရတ်နိုင်ငံ၏ လုံခြုံရေးကို လုံးဝတာဝန်ယူနိုင်ချိန်အထိ အမေရိကန်တပ်ဖွဲ့များကို အီရတ်မှ ရုပ်သိမ်းမည်မဟုတ်ကြောင်း သမ္မတဂျော့ဒဗလျူဘုရှ်အစိုးရက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံရှိ အသစ်ဖွဲ့စည်းထားသော အီရတ်လုံခြုံရေးတပ်ဖွဲ့များ၏ အခြေအနေများတိုးတက်ကောင်းမွန်နေသည်ဟု အမေရိကန်အစိုးရတာဝန်ရှိသူများက အမြဲတစေပြောကြားခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်လိုခိုက်လိုစိတ် ကျဆင်းနေ

ဝါရှင်တန် ဇူလိုင် ၂၂

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ စွန့်စွန့်စားစား တိုက်လိုခိုက်လိုစိတ်မှာ ကျဆင်းနေကြောင်း အမေရိကန်ကြည်းတပ်က ကြာသပတေးနေ့တွင်ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံရှိ အမျိုးသားအစောင့်တပ်ဖွဲ့နှင့် အရန်တပ်ဖွဲ့ဝင်များ၏ တိုက်လိုခိုက်လိုစိတ်မှာ ကျဆင်းနေကြောင်း၊ ၎င်းတို့သည် စိတ်ဖိစီးမှုဝေဒနာကို ခံစားနေကြရကြောင်း အမေရိကန် ကြည်းတပ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင်အချို့သည် စိတ်ကျန်းမာရေး ကျဆင်းနေမှုကြောင့် လွန်ခဲ့သည့်နှစ်က ပြန်လည်ခေါ်ယူမှုများ ပြုလုပ်ခဲ့ရသည်။

အမေရိကန်ကြည်းတပ်သည် စိတ်ကျန်းမာရေး အထူးကုဆရာဝန်များပါဝင်သော အဖွဲ့တပ်ဖွဲ့ကို အီရတ်နိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့သို့ လွန်ခဲ့သည့် နွေရာသီနှောင်းပိုင်းက စေလွှတ်ပေးခဲ့ရသည်။ ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေရသော အမေရိကန်တပ်ဖွဲ့ဝင်များ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုများရှိစေရန် ရည်ရွယ်သည့် အစီအစဉ်များကိုလည်းအကောင်အထည်ဖော်ခဲ့ရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များအတွင်း စိတ်ဓာတ်ကျဆင်းမှု ဖြစ်ပေါ်ရသည့် အခြေအနေတစ်ရပ်ကို ၂၀၀၃ ခုနှစ် ဇူလိုင်လအတွင်းကလည်း ထူးထူးခြားခြား တွေ့ခဲ့ရသည်။ ထိုစဉ်ထိုအခါက အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားသည့် အသေခံဗုံးခွဲတိုက်ခိုက်မှုများ ပေါ်ပေါက်နေခြင်းဖြစ်သည်။

အင်တာနက်။

အီရတ်တွင် ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိသွားသော ကလေးငယ် တစ်ဦးအား မိုဆူးလ်မြို့ ဆေးရုံ၌ ဆေးဝါးကုသပေးနေသည်ကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ယခုနှစ်အတွင်း ပင်လယ်ဓားပြမှုကျဆင်းခဲ့သော်လည်း အင်ဒိုနီးရှားရေပိုင်နက်တွင် အခြေအနေဆိုးနေဆဲ

လန်ဒန် ဇူလိုင် ၂၂

ပင်လယ်ဓားပြမှုသည် ၂၀၀၅ ခုနှစ် ပထမနှစ်ဝက်တွင် သုံးပုံတစ်ပုံမျှ ကျဆင်းခဲ့သော်လည်း အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဓားပြတိုက်မှု၌ ထိပ်ဆုံးသို့ရောက်ရှိနေပြီး ဆိုမားလီရေပိုင်နက်တွင်လည်း ပင်လယ်ဓားပြမှုနှင့်ပတ်သက်လာလျှင် အန္တရာယ်ကြီးစွာကျရောက်လျက်ရှိကြောင်း ပင်လယ်ရေကြောင်း ရာဇဝတ်မှုစောင့်ကြပ်ရေးအဖွဲ့ (အိုင်အမ်ဘီ) က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ရေကြောင်းသင်္ဘော တိုက်ခိုက်ခံရမှုသည် ယခုအခါ စုစုပေါင်း ၁၂၇မှု ရှိပြီး ယမန်နှစ် အလားတူကာလက ၁၈၂ မှုရှိခဲ့ရာမှ သိသိသာသာ လျော့ကျသွားခဲ့သည်။

အင်ဒိုနီးရှား ရေပိုင်နက်အတွင်း သင်္ဘောခြောက်စင်း ဓားပြတိုက်ခံခဲ့ရသည်။ သင်္ဘောသား ၁၇၆ ဦးကို ဓားစာခံ ဖမ်းဆီးခြင်းခံခဲ့ရပြီး ၁၂ ဦးကို ငွေဖြင့်ရွေးယူရန် ပြန်ပေးဆွဲခဲ့ကြသည်ဟု အဆိုပါအဖွဲ့က ပြောကြားသည်။ အင်ဒိုနီးရှားရေပိုင်နက်သည် ကမ္ဘာတွင် ယခုတိုင် အန္တရာယ်များစွာ ရှိနေသေကြောင်း၊ ဓားပြတိုက်မှုပေါင်း ၄၂ မှုဖြစ်ပွားခဲ့ကြောင်း၊ ဓားပြတိုက်မှုစုစုပေါင်း၏ သုံးပုံတစ်ပုံသည် အင်ဒိုနီးရှားရေပိုင်နက်တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း အိုင်အမ်ဘီအဖွဲ့က ပြောကြားခဲ့သည်။

ပင်လယ်ဓားပြတိုက်ရာတွင် ဓားပြများသည် သေနတ်များနှင့် ဓားများကိုင်ဆောင်၍ တိုက်ခိုက်နေကြောင်း၊ ထိုတိုက်ခိုက်မှုသည် သင်္ဘောသားများကို အကြမ်းဖက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများ ဆက်လက်ဖြစ်ပွားနေသည်ကို ပြသနေသည်ဟု ဆိုသည်။

မလက္ကာရေလက်ကြားတွင် ဓားပြတိုက်မှု ရှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး သင်္ဘောသားများကိုလည်း ပြန်ပေးဆွဲခဲ့ကြကြောင်း အိုင်အမ်ဘီအဖွဲ့က ဖော်ပြသည်။

ဆိုမာလီ၊ နိုင်ဂျီးရီးယားနှင့် အီရတ်ရေပိုင်နက်တွင်လည်း စိုးရိမ်ဖွယ်အဖြစ်အပျက်မျိုးဖြစ်ပွားနေကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ဆိုမာလီရေပိုင်နက်တွင် ပင်လယ်ဓားပြမှုသည် နှစ်နှစ်ကြာမျှ ငြိမ်သက်နေခဲ့ပြီးနောက် ယခု တစ်ဖန်ပင်လယ်ရေကြောင်းသွားလာမှုတွင် ပြင်းထန်စွာ ခြိမ်းခြောက်မှုကြီးအဖြစ် ပေါ်ပေါက်လာပြန်ကြောင်း ၎င်းအဖွဲ့က ပြောဆိုသည်။ ထိုအရပ်မှ ပင်လယ်ဓားပြများသည် စက်သေနတ်များနှင့် လက်ပစ်ဗုံးများ ကိုင်ဆောင်၍ သင်္ဘောများကို အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။

ဆိုမာလီရေပိုင်နက်တွင် ပင်လယ်ဓားပြများသည် အတင့်ရဲစွာ လုယက်တိုက်ခိုက်ခြင်း ပြုလုပ်လာသည်။ ၎င်းပင်လယ်ဓားပြများသည် နိုင်ငံ၏ ရေပိုင်နက်အပြင်ဘက်တွင် သင်္ဘောများကို ဖမ်းဆီးခဲ့ပြီးနောက် သင်္ဘောများကို ရေပိုင်နက်တွင်းသို့ ပြန်လည်မောင်းနှင်စေခဲ့သည်ဟု အိုင်အမ်ဘီအဖွဲ့၏ ညွှန်ကြားရေးမှူး ရေယာဉ်မှူး ပိုတန်ဂျယ်မူကူဒန်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ ဆရီနဂါဒေသတွင် လုံခြုံရေးဆောင်ရွက်နေသော အိန္ဒိယတပ်ဖွဲ့ဝင်များကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။

(အင်တာနက်)

အိုကီနာဝါဒေသတွင် အမေရိကန်စစ်ရေးလေ့ကျင့် ဂျပန်ပြည်သူများ မကျေနပ်၍ ကန့်ကွက်ဆန္ဒပြ

တိုကျို ဇူလိုင် ၂၂

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါဒေသ ကင်မြို့တွင် အမေရိကန်ကြည်းတပ်က လက်နက်ခဲယမ်းအစစ်များအသုံးပြု၍ စစ်ရေးလေ့ကျင့်မှုပြုလုပ်နေသည်ကို ဆန့်ကျင်သည့်အနေဖြင့် လူ ၁၀၀၀၀ ခန့်က အင်္ဂါနေ့တွင် ဆန္ဒပြခဲ့ကြကြောင်းဖြင့် ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

လူနေရပ်ကွက်များမှ မီတာ ၃၀၀ အကွာရှိ အမေရိကန် ဟန်ဆင်မရိန်းတပ်ဖွဲ့စခန်းရှိ တိုက်ခိုက်ရေးအဆောက်အအုံသစ်တွင် စစ်ရေးလေ့ကျင့်မှုကြောင့် ပေါ်ထွက်လာမည့် အန္တရာယ်ကို အုပ်ချုပ်ရေးမှူး ကီအိချိ အင်မိနီ အပါအဝင် ဆန္ဒပြသူများက အလေးထားပြောကြားကြသည်ဟု ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ဆန္ဒပြသူများက ဟန်ဆင်စစ်စခန်းဝင်ပေါက်ရှေ့အထိ ချီတက်သွားကြပြီး အမေရိကန် ကြည်းတပ်အနေဖြင့် စစ်ရေးလေ့ကျင့်မှု ရပ်ဆိုင်းပြီး အဆောက်အအုံအား ဖယ်ရှားရန် တိုက်တွန်းနှိုးဆော်ကြပြီး ကျည်ဆန်များ လမ်းလွဲကာ ရောက်လာနိုင်သည့် အန္တရာယ်ကို စစ်စခန်းအနီး ပတ်ဝန်းကျင်ရှိပြည်သူများ ကြုံတွေ့နိုင်သည်ဟု ပြောကြားကြသည်။

စစ်ရေးလေ့ကျင့်ရေး အဆောက်အအုံ ပိတ်ပင်ပစ်ရန် မိမိအစွမ်းကုန် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ ယင်းသို့ ပြုလုပ်ခြင်းဖြင့် ဒေသခံပြည်သူများ ငြိမ်းငြိမ်းချမ်းချမ်းနှင့် ငြိမ်ငြိမ်သက်သက် နေထိုင်ကြမည်ဖြစ်သည်ဟု အိုကီနာဝါ အုပ်ချုပ်ရေးမှူးအား ကိုးကား၍ ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ဒေသခံပြည်သူများ ဆန္ဒပြနေသည့်ကြားမှ အမေရိကန်ကြည်းတပ်ကစစ်ရေးလေ့ကျင့်မှုကို ဇူလိုင်၁၂ ရက်တွင် စတင်ပြုလုပ်ခဲ့သည်။***အမ်အင်အေ၊ ဆင်ဟွာ။***

ပြည်ပမှသကြားဗီယက်နမ်ပိုမိုတင်သွင်းမည်

ဟန္နိုင်း ဇူလိုင် ၂၂

ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပြည်ပမှ သကြားတန်ချိန် ၃၀၀၀၀ ထပ်မံတင်သွင်းရန် ပြည်တွင်းစားသောက်ကုန် ထုတ်လုပ်ရေးကုမ္ပဏီများအား ခွင့်ပြုလိုက်သည်။

ကိတ်မုန့်၊ သကြားလုံး၊ နို့ထွက်ပစ္စည်းများနှင့် အချိုမှုန့်တို့ကဲ့သို့သော စားသောက်ကုန်များ ထုတ်လုပ်ရန် သကြားတန်ချိန် ၅၇၀၀၀ တင်သွင်းရန် လွန်ခဲ့သည့်လ စောစောပိုင်းတွင် ဝန်ကြီးဌာနက ကုမ္ပဏီများအားခွင့်ပြုခဲ့ကြောင်း ဗီယက်နမ်ကြံလုပ်ငန်းနှင့် သကြားလုပ်ငန်းအသင်းက အင်္ဂါနေ့တွင် ပြောကြားသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၀၄-၂၀၀၅ ခုနှစ် ကြံရာသီတွင် သကြားတန်ချိန် တစ်သန်းကျော် ထုတ်လုပ်နိုင်ခဲ့ရာ အချိန်ကြာမြင့်စွာ မိုးခေါင်မှုနှင့် ကြုံခဲ့ရသဖြင့် ယမန်နှစ် ကြံရာသီက သကြားအထွက်ထက် ၁၀ ဒသမ ၇ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။

မှောင်ခိုတင်သွင်း

လောလောဆယ်တွင် ပြည်တွင်းဈေးကွက်ရှိ သကြားဈေးနှုန်းမှာ တစ်ကီလိုလျှင် အမေရိကန်ငွေ ဆင့် ၅၀ နီးပါးရှိပြီး ယခုနှစ် စောစောပိုင်းကာလကထက် ၃၀ ရာခိုင်နှုန်းဈေး မြင့်တက်လာသည်။ သို့ဖြစ်၍ ဗီယက်နမ်နိုင်ငံတွင်းသို့ သကြားများကို မှောင်ခိုတင်သွင်းလာကြသည်။

ယမန်နှစ် ကြံရာသီတွင် ဗီယက်နမ်နိုင်ငံရှိ ကြံစိုက်ဧရိယာမှာ ဟက်တာ ၂၈၇၀၀၀ ရှိပြီး ကြံတန်ချိန် ၁၅ ဒသမ ၅ သန်းကျော် ထွက်ရှိခဲ့ကြောင်း ဗဟိုစာရင်းရုံးက ထုတ်ပြန်ကြေညာသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီဂျစ်နိုင်ငံ အပန်းဖြေစခန်းဖြစ်သော ရှမ်အယ်လ်ရှိတ်တွင် ဗုံးပေါက်ကွဲပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ထမ်းများကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်

(အင်တာနက်)

ကမ္ဘောဒီးယားတွင် ပထမဆုံးရုပ်ရှင်ပွဲတော် ကျင်းပရန် ပြင်ဆင်

ဖနောင်ပင် ဇူလိုင် ၂၂

ကမ္ဘောဒီးယားနိုင်ငံသည် ၁၅ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ရုပ်ရှင်ပွဲတော် ကျင်းပမည်ဟု ဒေသတွင်း သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ကမ္ဘောဒီးယားရုပ်ရှင်ပွဲတော်ကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ကျင်းပပြုလုပ်မည်ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ခမ်ဆာရက်က အင်္ဂါနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားရုပ်ရှင်လုပ်ငန်းတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နည်းနာဖလှယ်ခြင်းဖြင့် ရုပ်ရှင်လုပ်ငန်း အဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်ပြီး ရုပ်ရှင်ပွဲတော်ကို ကျင်းပရခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

၁၉၅၀ ပြည့်နှစ်မှစတင်၍ မိနစ် ၉၀ ကြာ ပြသနိုင်သော ရုပ်ရှင်ကားများကို ကမ္ဘောဒီးယားရုပ်ရှင်လုပ်ငန်းက ထုတ်လုပ်ခဲ့သည်။ နိုင်ငံအတွင်း၌ ရုပ်ရှင်သင်တန်းကျောင်းများ မရှိသည့်အကြား၊ ဖလင်များ ရှားပါးနေသည့် အကြားမှ ယမန်နှစ်က ကမ္ဘောဒီးယားနိုင်ငံတွင် ရုပ်ရှင်ဇာတ်ကား ၅၃ ကားနှင့် ယခုနှစ်တွင် ရုပ်ရှင်ဇာတ်ကား ၃၂ ကား ထုတ်လုပ်ခဲ့ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဆွမ်ဆိုခန်က ပြောကြားသည်။

ရုပ်ရှင်ကား ထုတ်လုပ်မှုအရေအတွက် တိုးတက်နေသော်လည်း အရည်အသွေးတွင်မူ အားနည်းလျက်ရှိကြောင်း ၎င်း၏ ပြောကြားချက်ကို ကိုးကား၍ ကမ္ဘောဒီးယားသတင်းစာက ရေးသားဖော်ပြသည်။

ယခင် ဘုရင်နိုရိုဒွန်သီဟာနုသည် ရုပ်ရှင်ထုတ်လုပ်ခြင်း၊ ညွှန်ကြားခြင်း၊ ဇာတ်လမ်းရေးသားခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် ရုပ်ရှင်ကားပေါင်း ၂၈ ကားကို ထုတ်လုပ်ခဲ့သည်။ ၎င်း၏ ဦးဆောင်မှုဖြင့် ၁၉၆၀ ပြည့်နှစ်များနှင့် ၁၉၇၀ ပြည့်နှစ် အစောပိုင်းကာလများတွင် ကမ္ဘောဒီးယားရုပ်ရှင်လုပ်ငန်းသည် ခေတ်ကောင်းကြုံခဲ့ရသေးသည်။

၁၉၈၀ ပြည့်နှစ်နှောင်းပိုင်းတွင် ရုပ်ရှင်ထုတ်လုပ်ခြင်းလုပ်ငန်းသည် တစ်ဖန်ရေးပန်းစားလာပြန်သည်။ သို့သော် ပြည်ပမှ ဈေးနှုန်းသက်သာသော ရုပ်ရှင်များ ဝင်ရောက်လာခြင်းနှင့် ကမ္ဘောဒီးယားရုပ်ရှင်များ၏ အရည်အသွေးညံ့ခြင်းတို့ကြောင့် ကမ္ဘောဒီးယားရုပ်ရှင်လုပ်ငန်းမှာ နေရာမရဖြစ်ခဲ့ရသည်။

ထို့နောက်ပိုင်းကာလ ၂၀၀၀ ပြည့်နှစ်မှ စ၍ ပြန်လည်ဆန်းသစ်လာကာ ကမ္ဘောဒီးယားရုပ်ရှင် လုပ်ငန်းသည် တဖြည်းဖြည်းချင်း ပြန်လည် တိုးတက်ကောင်းမွန်လာခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းဒေသ၌ ဗုံးပေါက်ကွဲ အနည်းဆုံး လူ ၈၃ ဦး သေဆုံး

ကိုင်ရို ဇူလိုင် ၂၃

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းဒေသ ပင်လယ်ဆိပ်ကမ်း အပန်းဖြေစခန်းဖြစ်သော ရှမ်အယ်လ်ရှိတ်တွင် ယနေ့နံနက် အရုဏ်ဦးအချိန်က ဗုံးလေးလုံး ဆက်တိုက်ပေါက်ကွဲမှုဖြစ်ပွားရာ ဟိုတယ်များနှင့် စားသောက်ဆိုင်များတွင် ရှိနေကြသော လူအနည်းဆုံး ၈၃ ဦး သေဆုံးပြီး ၂၀၀ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့နံနက်တွင် ရရှိသော သတင်းများအရ သိရှိရသည်။

ဗုံးပေါက်ကွဲရာ ရှမ်အယ်လ်ရှိတ်သည် ဆိုင်းနိုင်းကျွန်းဆွယ် တောင်ဘက်တွင်တည်ရှိသည်။

ကားဗုံးလေးလုံး အနည်းဆုံးပေါက်ကွဲခြင်းဖြစ်နိုင်ကြောင်း၊ပေါက်ကွဲချိန်မှာ ဒေသစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်အချိန်တွင်ဖြစ်ကြောင်း ကိုင်ရိုမြို့ ရဲတပ်ဖွဲ့မှူခင်းထိန်းချုပ်ရေးအခန်းမှ ထွက်ပေါ်လာသော သတင်းများက ဆိုသည်။ ဗုံးတစ်လုံးသည် ဂါဇာလာဟိုတယ်၏ ကားအဝင်အထွက်လမ်းတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း တောင်ပိုင်းဆိုင်းနိုင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မာစတာဖာအာဖီဖီက ပြောကြားသည်။

နောက်ဗုံးတစ်လုံးမှာ ဈေးဟောင်းတည်ရှိရာနေရာ ကော်ဖီဆိုင်အနီးတွင် ပေါက်ကွဲခြင်းဖြစ်သည်။ အခြားဗုံးတစ်လုံးမှာ မီဒီတီယမ်ဟိုတယ်တွင် ပေါက်ကွဲခြင်းဖြစ်သည်ဟု ပြည်ထဲ ရေးဌာနမှလာသောသတင်းက ဖော်ပြသည်။ သေဆုံးသူများတွင် ဗြိတိသျှ၊ ရုရှား၊ ဒတ်ချ်၊ ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ ကာတာနှင့် အီဂျစ်နိုင်ငံသားများပါသည်။

အင်တာနက်။

ဤအရာကို အလှဟု ခေါ်ပါသည်

တက္ကသိုလ်လှမောင်

ကျွန်တော် ဘူးသီးတောင်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ကာလက ဖြစ်ပါသည်။

ဘူးသီးတောင်မြို့နှင့် မောင်တောမြို့ ဆက်သွယ်ထားသော ကားလမ်းသည် ၁၆ မိုင်သာဝေးပါသည်။ သို့ရာတွင် မေယုတောင်တန်းကြီးကို ဖြတ်ဖောက်ထားသဖြင့် တောင်ပေါ်လမ်း ဖြစ်နေပါသည်။ တောင်ကြော၊ တောတန်းဖြစ်နေသဖြင့် တစ်ခါတစ်ရံ တောရိုင်းတိရစ္ဆာန်တွေ ဖြတ်သန်းသွားလေ့ရှိ၏။ ကားလမ်းဘေး ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အစပ်တောင်ထွတ်တစ်ခုပေါ်တွင်ထပ်ဆင့်အသံလွှင့်စက်ရုံ တစ်ခုရှိပါသည်။ ထိုအသံလွှင့်ရုံ တောင်တက်လမ်းတွင်လည်း တောရိုင်းတိရစ္ဆာန်တွေ ဖြတ်သန်းသွားလေ့ရှိရာ စွန့်စွန့်စားစား တာဝန်ထမ်းဆောင်နေသော အသံလွှင့်ရုံဝန်ထမ်းများနှင့် လုံခြုံရေးဝန်ထမ်းများအား ချီးကျူးမိပါသည်။

ကမ္ဘာလောကကြီးသည် သူ့နေရာနှင့်သူ အသားတကျရှိပြီး တာဝန်ကိုယ်စီဖြင့် လူ့လောကနှင့် သဘာဝပတ်ဝန်းကျင်၏ အလှအပကို ထိန်းနေကြသည့်အခါ ကမ္ဘာကြီးတစ်ခုလုံး လှပနေပါလိမ့်မည်။

ကျွန်တော်သည် တာဝန်ထမ်းဆောင်ရင်း မေယုမြစ်အလယ်တွင် စက်လှေလေးဖြင့် လိုက်ပါစဉ် ပတ်ဝန်းကျင် သဘာဝကြီးကို ငေးမောကြည့်နေမိခဲ့သည်။ စက်လှေငယ်သည် မေယုမြစ်လယ်တွင် ကျွန်တော်တို့ကို သယ်ဆောင် သွားနေသည်။ မေယုမြစ်သည် ဘူးသီးတောင်မြောက်ဖျား တောင်စဉ်တောင်ကြားများမှ မြစ်ဖျားခံ၍ စီးဆင်းလာပြီး ရသေ့တောင်မြို့နယ် အဆုံးသတ် အငူမော်ဆိုသည့်အရပ်နားတွင် ပင်လယ်ပြင်နှင့် ပေါင်းစပ်သွားခဲ့ပါသည်။

မေယုမြစ်လယ်မှနေ၍ မြစ်ဘေးစိုက်ခင်းလွင်ပြင်များကိုလည်းကောင်း၊ အရှေ့ဘက်မှ ဩရမတောင်တန်းကြီးကိုလည်းကောင်း၊ အနောက်ဘက်မှ မေယုရိုးမတောင်စဉ်ကြီးကိုလည်းကောင်း လှမ်းမျှော်ကြည့်မိရင်း ရင်တွင်းမှ ကဗျာတစ်ပုဒ် စပ်ကြည့်နေမိပါသည်–

✧ မြစ်ဆိုတာ တောင်မှာအဖျားခံ၊
အားသန်စွာပြေးလွှား၊
လွင်ပြင်ကြားဖြတ်သန်း၊
မြစ်ဝှမ်းတွေထားပစ်ခဲ့
✧ လွင်ပြင်နှင့်မြစ်ဝှမ်း
ဘာတာဝန်တွေထမ်းလဲဆိုတော့
လူ့ဝမ်းအတွက်ရိက္ခာ၊
စားစရာတွေပေးဆက်၊
✧ ကျေးငှက်သာရကာ၊
တေးချက်တွေညီညာပါသနဲ့၊
သီဆိုကာတီတာမစဲ၊ သားရဲပေါ်တဲ့
တောဟောမဝါပါပေပဲ၊
✧ ရေဝေကုန်းတန်းတွေက၊
ရေစမ်းတွေကိုထိန်း၊
အသိန်းမက သယံဇာတ၊
အလှရတနာတွေကိုဝေဖြာအောင်ဆောင်ရွက်၊
တောင်ထက်တောင်မင်း တောင်ခပင်းတို့၏တာဝန်၊
✧ ကိုယ့်ငန်းကိုယ့်တာ လုံအောင်ကာပေါ့၊
တာဝန်တွေမပျက်ကြေးပေါ့၊
သူ့တာငါ့တာမစွက်ရေးပေါ့၊ သူ့ဟာငါ့ဟာ
မဖျက်ရေးပေါ့၊
မျိုးဆက်တွေအတွက်မဟုတ်ဘူးလား၊

လွင်ပြင်၏တာဝန်သည် စိုက်ပျိုးရေးတွေလုပ်ဖို့၊ မြစ်ပြင်နှင့် ပင်လယ်၏တာဝန်သည် သား၊ငါးတွေ ထုတ်ပေးဖို့၊ တောင်စဉ်တောင်တန်းတို့၏ တာဝန်သည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးဖို့၊ သယံဇာတတွေ ထုတ်ပေးဖို့၊ သားငှက်တွေ ပျော်မြူးကြဖို့ မဟုတ်ဘူးလား။ ထို့ကြောင့် တောတောင်ကိုလည်း စိမ်းလန်းစေရာ၏။ လွင်ပြင်ကိုလည်း အလှဆင်လေရာ၏။ တာဝန်ကိုယ်စီထမ်းဆောင်နေကြရာဝယ် သူ့တာ ငါ့တာ မစွက်ဖို့၊ သူ့ဟာ ငါ့ဟာ မဖျက်ဖို့၊ တာဝန်တွေကို မပျက်တမ်း၊ မပျက်ကြေး ထမ်းဆောင်သွားကြပြီး အသီးသီး အသက အသက တာဝန်တွေ ကျေကြပြီဆိုရင်တော့ ကမ္ဘာလောကကြီးဟာ နေချင့်စဖွယ်၊ ပျော်ရွှင်ဖွယ် ငြိမ်းချမ်းသော နယ်ပယ်ကြီး ဖြစ်လာတော့မှာပါပဲ။

လှပနေသောဤကမ္ဘာမြေကြီး၊
ရောင်မျိုးစုံယှက်သန်းနေတဲ့ ပန်းဥယျာဉ်ကြီး၊

ကပ္ပိလဝတ်ရွှေနန်းတော်မှ ခွဲခွာသွားသည့် ခြောက်နှစ်ကျော်မျှ မတွေ့မမြင်ခဲ့ရသည့် သားတော်ကို တွေ့လိုမြင်လို၍ အကြိမ်ကြိမ် အခေါ်တော် လွှတ်သော်လည်း စေလွှတ်လိုက်သူတို့ သာသနာ့ဘောင် ဝင်ရောက်သွားကြပြီး သားတော် ဗုဒ္ဓကတော့ ကြွမလာသဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ထပ်မံစေလွှတ်လိုက်သည့် ကာဠုဒါယီထေရ်သည် ကပ္ပိလဝတ်ပြည်တော်ပြန်လမ်း မည်မျှသာယာပုံ၊ သဘာဝပတ်ဝန်းကျင် ရေမြေ တောတောင် ငှက်ကျေးသာရကာ ပန်းမာလာတို့ မည်မျှ စိတ်ချမ်းမြေ့ ဖွယ်ကောင်းပုံတို့ကို မြတ်ဗုဒ္ဓအား ဂါထာ ၆၀ ပျို့ဖြင့် ဆန်းကြယ်ခမ်းနားစွာ တင်လျှောက်ခဲ့လေသည်။

“ဤအခါကား၊ ဟေမာချမ်းဆောင်း၊ ကြွလှဲ့ပြောင်းသား၊ တပေါင်းနွေလ၊ ဂိမှန္တ ဟု သာလှပျော်မှုသည်ရတု၍၊ ညွန့်နု ဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း၊ ပွင့်ဆောင်တိချည်း၊ ဖြင်ပေါပြည်း၏။ ခမည်းတော်ကောင်း၊ ပြည်တော်ဟောင်းသို့၊ ဖူးပေါင်းစိမ့်ငှာ၊ တောင်းပန်ထွာသည်၊ သွားခါကာလတန်ပြီတည်း။”

လောကကြီးဟာလှပနေတယ်ဆိုပေမယ့် အလှအပကိုဖျက်ဆီးချင်နေသူများ၊ ဖျက်ဆီးနေသူများလည်းရှိနေဆဲပါပဲ။ လှပတဲ့ ဩကာသလောကကြီးလည်း အငြိမ်မနေရ၊ တက်ကြွတဲ့ သတ္တလောကသားတို့မှာလည်း ဣန္ဒြေမရ၊ လူ့ပယောဂကြောင့် ပျက်စီးရတာတွေလည်း ရှိသည်။ အနိစ္စဆိုသည့် မမြဲခြင်းတရားကြောင့် ပြိုပျက်ပျောက်ဆုံး သွားရတာတွေလည်း ရှိသည်။

သတ္ထန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်ကြီးများသည် ကမ္ဘာလောကကြီး၏ နေသားတကျရှိမှုကို ဖျက်ဆီး၏။ ပျော်မွေ့ဖွယ်ရာ အလှအပကို အရုပ်ဆိုးအကျည်းတန် သွားအောင်ဖြစ်စေ၏။ ထိုကပ်ကြီးများကို ကျွန်တော်တို့ လူသားအားလုံး စုပေါင်းညီညာ တွန်းလှန်သွားနိုင်ပါသည်။

သတ္ထန္တရကပ်ဆိုသည်မှာ ဓား၊ လှံလက်နက် တိုက်ခိုက်သတ်ဖြတ်၊ ရန်သတ္တရုပြု၊ ရန်စောင် တိုက်ခိုက်မှုမှန်သမျှကိုခေါ်ပါသည်။ အကြောင်း အမျိုးမျိုးဖြင့် ဆင်နွှဲနေကြသော စစ်ပွဲ၊ စစ်ဘေး စစ်ဒဏ်မှန်သမျှ သတ္ထန္တရကပ်ဖြစ်ပါသည်။ စစ်ပွဲတွေကြောင့် လူသားတွေ သေကျေအညွန့်တုံးဒုက္ခရောက်ကြ၏။ ဗိမာန်အဆောက်အအုံတို့ပြိုပျက်ခဲ့ရ၏။ မြို့ကြီးများ ပြာကျပျက်စီးခဲ့ရ၏။ ကျေးရွာတွေ မြေပုံပေါ်မှ ပျောက်ကွယ်ခဲ့ရသည်။ ရန်သတ္တရုပြုမှုများကြောင့် လူတို့ငြိမ်းချမ်းစွာ မနေရ။

ရောဂါဆိုးများ ကျရောက်ခြင်းဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေးတို့မှာလည်း လူတို့စုပေါင်းတွန်းလှန်သွားရမည့် ကပ်ဆိုးကြီးများဖြစ်ပါသည်။ လူဆိုသည်မှာ တာဝန်ကျေပွန်စွာဖြင့် လူ့အန္တရာယ်များကို စုပေါင်းတွန်းလှန်ဖယ်ရှားသွားရန် တာဝန်ရှိပါသည်။ အန္တရာယ်ကိုဖန်တီးရန်မဟုတ်။ အန္တရာယ် မကျရောက်အောင် တွန်းလှန်ကာကွယ်ရမည်။ ဒါမှသာလျှင် လူ့လောကကြီး လှလှပပ တည်ရှိနေပါမည်။

မင်္ဂလာဆောင်များတွင်၊ အလှပြင်ဆိုင်များတွင် အလှပြင်ပေးနေသူများကို အလှဖန်တီးရှင်များဟု ခေါ်ဝေါ်သုံးစွဲကြပါသည်။ အလှဖန်တီးသူများရှိသလို အလှဖျက်ဆီးသူများလည်းရှိနေပါသည်။

– လမ်းတွေကိုပြင်နေရင် အလှဖန်တီးတာပဲ၊
လမ်းပေါ်မှာအမှိုက်တွေပစ်၊ ကွမ်းတံတွေးတွေ
ထွေးနေရင်အလှဖျက်ဆီးတာပဲ။
– အလှူဒါနတွေပြုရင်အလှဖန်တီးတာပဲ။
ခိုးဆိုးလုယက်အကြမ်းဖက်မှုတွေ ကျူးလွန်နေရင်
အလှဖျက်ဆီးတာပဲ။
– အပြုသဘောနဲ့လူသားကောင်းကျိုးဆောင်ရွက်ရင်
အလှဖန်တီးတာပဲ။ အဖျက်သဘောနဲ့
လူတွေစိတ်အနှောင့်အယှက် ဖြစ်အောင်
ကဖျက်ယဖျက်လုပ်နေရင် အလှဖျက်ဆီးတာပဲ၊
– မီးသတ်သူကအလှဖန်တီးသူ၊
မီးရှို့သူက အလှဖျက်ဆီးသူ၊
– တံတားဆောက်သူက အလှဖန်တီးရှင်၊
တံတားဖျက်ဆီးသူက အလှဖျက်ဆီးသူ၊
– မေတ္တာရေသွန်းလောင်းသူက အလှဖန်တီးရှင်၊
အဆိပ်ရေပက်ဖျန်းသူက အလှဖျက်ဆီးသူ၊

၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး၊ အင်းလေးကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့မှ စ၍ ရန်ကုန်မြို့တော်ကြီးကိုလည်း အရှေ့တောင်အာရှ၏ ဥယျာဉ်မြို့တော်ကြီးအဖြစ် စီမံတည်ဆောက်လျက်ရှိပါသည်။ ရန်ကုန် မြို့တော်ပတ်ဝန်းကျင်လှပစိမ်းလန်းစိုပြည်ရေး၊ ကန်တော်ကြီးလှပသာယာရေးများကို တည်ဆောက်လျက်ရှိသည်။ လူတိုင်းတာဝန်ကိုယ်စီထမ်းပြီး ဝိုင်းဝန်းတည်ဆောက်ကြ၊ ထိန်းသိမ်းစောင့်ရှောက်ကြပါလျှင် စီမံထားသည့်အတိုင်း စိမ်းလန်းငြိမ်းချမ်းသည့် နိုင်ငံတော်၊ လှပသည့်ဥယျာဉ်မြို့တော် ဖြစ်လာမည်မှာမလွဲပါပေ။ ကျွန်တော့်မိတ်ဆွေတစ်ယောက်ထံမှ ဆောင်ပုဒ်ကလေးတစ်ခုကို မှတ်သားလိုက်မိဖူးပါသည်–

The best time to plant a tree is twenty years ago. The second best time is now တဲ့၊ ဘာသာပြန်ဆိုချက် ကဗျာလေးပါ ပြောပြတယ်–

“အနှစ် နှစ်ဆယ်တစ်ဝိုက်အချိန်ကိုက်၊ ဒို့စိုက်ခဲ့လျှင်အကောင်းဆုံးပင်။

ခုချိန်စိုက်က နောက်မကျ၊ ဒုတိယအကြိမ်အကောင်းဆုံးပ” တဲ့။

ကဗျာလေးကရိုးရိုးရှင်းရှင်းလေးဖြင့် ကျွန်တော်တို့၏ တာဝန်တွေကို ညွှန်ပြနေပါတယ်။

A house full of books and a garden full of flowers. စာအုပ်တွေပြည့်နေတဲ့ အိမ်ကြီးတစ်လုံးရယ်။ ပန်းမျိုးစုံယှက်သန်းနေတဲ့ ပန်းဥယျာဉ်ကြီးတစ်ခုရယ်။ စာအုပ်စာပေဆိုတာလည်း လူ့ဘဝရဲ့ အလှတရားတစ်ခုပါပဲ။ စာအုပ်စာပေတွေက ပေးတဲ့ အသိနဲ့သဘာဝအလှတရားတွေကို ထိန်းသိမ်းသွားရမယ်။ ပြည်သူတစ်ရပ်လုံး ပညာပြည့်ဝ နှလုံးလှပနေအောင် ပြုစုပျိုးထောင်ပေးကြရမှာ ဖြစ်တယ်။

ဒါကြောင့်လည်း **“ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့၊ ဝိုင်းဝန်းကူညီဆောင်ရွက်စို့”**ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ စာကြည့်တိုက်များ တည်ထောင်ပေးနေသလို စာအုပ် စာစောင်များ လှူဒါန်းနေကြခြင်းဖြစ်ပါသည်။

တကယ်တော့ သဘာဝအလှတရား၊ လောကီအာရုံ အလှတရားတွေက အမြဲပြောင်းလဲနေလို့ မတည်မြဲပါဘူး၊ဖြစ်ပေါ်လာလိုက် ပျက်စီးသွားလိုက်၊ ကြီးကျယ်လာလိုက် သေးသိမ်မှေးမှိန်သွားလိုက်နှင့် အမြဲမတည်ရှိပါဘူး။ ရောမမြို့ကြီးဆိုတာရော ဘယ်ပျောက်သွားပြီလဲ၊ ရာဇဂြိုဟ်ပြည်ကြီးတို့၊ သာဝတ္ထိပြည်ကြီးတို့ ဆိုတာကရော၊ ကျွန်တော်တို့နေတဲ့ ကမ္ဘာကြီးသည်ပင်လျှင် အချိန်တန်တော့ ပျက်စီးပျောက်လွင့်သွားရဦးမှာပါပဲ။ လောကရဲ့ အလှတရားဆိုတာ အမြဲရှင်သန်ပွင့်လန်းနေတဲ့ တရားမျိုးမဟုတ်ပါဘူး။ ကျွန်တော့်ခေါင်းထဲသီချင်းစာသားတစ်ပိုဒ်ဝင်ရောက်လာပါသည်–

“အလှဆိုတာ မတည်မြဲ x သင်္ခါရပဲကွယ် x ရိုးသားသိမ်မွေ့ မနောကဖြူစင် x လောကကိုအလှဆင်နိုင်လိမ့်မယ် xx ရင်ထဲကအလှသာတွေး x အစဉ်အမြဲပဘာဝတာအရေးx အပြုံးမြဲမြဲ နှလုံးလှပါစေကွယ် x အမုန်းစကားမဆိုကြစေချင်တယ် x နှလုံးသားကိုအလှဆင်ပါကွယ် x x ”။

အဲဒါမှ တကယ့်အလှတရားပါ။ နှလုံးသားအလှ လူတိုင်းလူတိုင်းမှာ ရှိကြပြီဆိုရင်တော့ လောကကြီးရဲ့ အလှဟာ ပိုပြီးပြည့်စုံသွားပါလိမ့်မယ်။ လောကီအလှဆိုတာ အဝိဇ္ဇာဆိုတဲ့ မသိမှုကိုအခြေခံတဲ့ မာယာအလှတွေသာဖြစ်ပါတယ်။ ဝိဇ္ဇာဆိုတဲ့ သိမှုဉာဏ်အလင်းရရင်တော့ သစ္စာတရားရဲ့ မဖောက်ပြန်တဲ့ အလှတရားတွေကို တွေ့မြင်လာနိုင်မှာဖြစ်ပါတယ်။ မြတ်ဗုဒ္ဓ၏ သစ္စာလေးပါး အမှန်တရားတွေမှသာလျှင် တကယ့်စစ်မှန်သော သစ္စာအလှဖြစ်၍ ထိုသစ္စာအလှအမှန်တရားများကို သိရှိတွေ့မြင်နိုင်အောင် လေ့လာပွားများ ကျင့်ကြံကြိုးစားသွားကြမှသာလျှင် ယနေ့ကမ္ဘာကြီးသည် အစစ်အမှန် ငြိမ်းချမ်းသာယာလှပသော ကမ္ဘာကြီးဖြစ်လာပေလိမ့်မည်။

သို့ရာတွင် ကျွန်တော်တို့သည် ပုထုဇဉ်လူသားများသာဖြစ်ကြသည့်အလျောက် ကာမဂုဏ်အာရုံတွေထဲမှာသာ ပျော်မွေ့နေကြတာဖြစ်လို့ လောကီအလှများကို ဥပေက္ခာစိတ်ဖြင့် မရှုမြင်နိုင်ကြသေးပါ။ ဥပေက္ခာစိတ်ဖြင့် မရှုမြင်နိုင်သေးသော်လည်း မစ္ဆေရစိတ်ဖြင့် ဖျက်လိုဖျက်ဆီးမှုမပြုသင့်ပါ။ ငါတကောကောပြီး လောကအကျိုး၊ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဆန့်ကျင်ကျောခိုင်း ထင်ရာမစိုင်းသင့်ပါ။ လောကအလှတရားများကို ဖန်တီးသူများအဖြစ်၊ လူသားအကျိုးပြုသူများအဖြစ်၊ နိုင်ငံနှင့်လူမျိုး အကျိုးကို ကျရာကဏ္ဍမှ နည်းမှန်၊ လမ်းမှန်၊ စေတနာမှန်ဖြင့် သယ်ပိုးထမ်းရွက်သူများအဖြစ် အပြုသဘောဆောင်ပြီး လူ့ဘောင်အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တည်ဆောက်ရင်း လှပသောနှလုံးသားပိုင်ရှင်များ ဖြစ်လာကြပြီဆိုလျှင်ပင် တကယ့်ဝိဇ္ဇာဉာဏ်၏ သစ္စာအလှကိုပါ ထိုက်ထိုက်တန်တန် မျက်မှောက်ပြုသွားနိုင်လိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

> **နှလုံးသားအလှ လူတိုင်းလူတိုင်းမှာ ရှိကြပြီဆိုရင်တော့ လောကကြီးရဲ့ အလှဟာ ပိုပြီးပြည့်စုံသွားပါလိမ့်မယ်။ လောကီအလှဆိုတာ အဝိဇ္ဇာဆိုတဲ့ မသိမှုကို အခြေခံတဲ့ မာယာအလှတွေသာဖြစ်ပါတယ်။ ဝိဇ္ဇာဆိုတဲ့ သိမှုဉာဏ် အလင်းရရင်တော့ သစ္စာတရားရဲ့ မဖောက်ပြန်တဲ့ အလှတရားတွေကို တွေ့မြင်လာနိုင်မှာ ဖြစ်ပါတယ်။**

နှလုံးသားအလှ လူတိုင်းလူတိုင်းမှာ ရှိကြပြီဆိုရင်တော့ လောကကြီးရဲ့ အလှဟာ ပိုပြီးပြည့်စုံသွားပါလိမ့်မယ်။

သစ်ပင်စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင် ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၍ မြဲအောင်ထိန်းသိမ်း

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းစစ်ဌာနချုပ် အင်းတိုင်တပ်နယ် မိုးရာသီသစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ နယ်မြေခံတပ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်၍ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ရန် ကုန် တိုင်း စစ် ဌာ န ချုပ် အင်းတိုင်တပ်နယ် မိုးရာသီ သစ်ပင် စိုက် ပွဲ တော် အခမ်း အနား ကို လှည်းကူးမြို့နယ် ရှိ နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန် တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ အမှတ် တရ သစ်ပင် စိုက် ပျိုးပေးစဉ်။ (ရကတ)

တက်ရောက်

အခမ်းအနားသို့ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ အင်းတိုင် တပ်နယ်မှူး ဗိုလ်မှူး ကြီးဘိုလွင်၊ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးမြတ်သူနှင့် တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များမှ တပ်ရင်း/တပ်ဖွဲ့ မှူးများ၊ အရာရှိစစ်သည်များ၊ မိသားစု ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်အနေဖြင့် မိုးရာသီ သစ်ပင်စိုက် ပွဲတော်များကို ၂၀၀၂ခုနှစ်မှစတင်၍ တပ်နယ်များ၊ တပ်ရင်းတပ်ဖွဲ့များအလိုက် ကျင်းပလျက်ရှိရာ ယခု ၂၀၀၅ခုနှစ်ဆိုလျှင် လေးနှစ်မြောက် ကျင်းပနိုင်ခြင်းဖြစ်ကြောင်း။

ရာသီမလပ်စိုက်ပျိုး

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းမှ ရရှိသည့် ဝင်ငွေတိုးတက်မြင့်မားစေရန်အတွက် မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံ၊ ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်၊ စားသုံးသီးနှံပင်၊ စီမံကိန်းဝင်ပင်နှင့် မန်ကျည်း၊ တမာ၊ ထန်းပင်တို့ကို ရာသီမလပ်စိုက်ပျိုးကြစေလိုကြောင်း။

သစ်ပင်စိုက်ပျိုးကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရုံသာမက မိသားစုဝင်ငွေ တိုးပွားစေမည်ဖြစ်သဖြင့် စီမံကိန်းဝင်အပင်များအဖြစ် ဒေသနှင့်ကိုက်ညီသည့် စားပင်သီးနှံများကိုလည်း တစ်ပိုင်တစ်နိုင် တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ သစ်ပင်များစိုက်ပျိုးကြခြင်းဖြင့် ဒေသတစ်ခုလုံး စိမ်းလန်းစိုပြည်စေပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင်(၃၀)ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေးနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်စေရေးတို့အတွက် များစွာအထောက်အကူပြုကြောင်း။

စားပင်သီးနှံများနှင့် ရာသီသီးနှံများ စိုက်ပျိုးခြင်းဖြင့် မိမိအိမ်တွင်းမီးဖိုဆောင် ကုန်ကျစရိတ်ကို ကာမိစေပြီး ဝင်ငွေလည်းတိုးမှာဖြစ်ကြောင်းနှင့် ယခု စိုက်ပျိုးပြီးသည့် သစ်ပင်များကို ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၍ မြဲအောင် ထိန်းသိမ်းကြစေလိုကြောင်း ဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အင်းတိုင် တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးကြီးဘိုလွင်က မိုးရာသီ သစ်ပင်စိုက်ပျိုးရာသီအတွင်း ပျိုးပင်များ စုဆောင်းထားရှိမှု၊ သစ်ပင်စိုက်ပွဲတော်အတွင်း သစ်ပင်များ စိုက်ပျိုးမည့်အခြေအနေနှင့် သစ်ပင်များ ရှင်သန်ကြီးထွားမြဲမြဲစေရေးအတွက် စိုက်ပျိုးပြုစု ထိန်းသိမ်းသွားမည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်က သစ်တော ဦးစီးဌာနမှ ရန်ကုန်တိုင်းအတွင်း သစ်တောစိုက်ခင်းများ ထူထောင်ခြင်းနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုး ရာသီအတွင်း လူထုလှုပ်ရှားမှုဖြင့် သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ပရဆေးပင်ပြခန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများသည် သစ်ပင်စိုက်ပွဲတော်အတွင်း သစ်တောဦးစီးဌာနက ပြသထားသည့် ပရဆေးပင်ပြခန်းကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပျိုးပင်များကို ဝေငှပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးတို့သည် သစ်ပင်စိုက်ပွဲတော်အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက သီဟိုဠ်ပင်၊ ကံ့ကော်ပင်၊ ခရေပင်နှင့် မဟော်ဂနီပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများသည် သစ်ပင်စိုက်ပွဲတော် အတွင်း တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်များ ၊ မိသားစုဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် တာဝန်ရှိသူများသည် နယ်မြေခံတပ်၏ ရော်ဘာပင်၊ သီဟိုဠ်ပင်၊ သရက်ပင်၊ သစ်ဆိမ့်ပင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များစုဆောင်းထားရှိမှုများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် အင်းတိုင် တပ်နယ် သစ်ပင်စိုက်ပွဲတော်တွင် ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး ပင်များ အပါအဝင် နှစ်ရှည်စားပင်၊ အရိပ်ရလေကာပင်၊ ပန်းအလှပင်နှင့် စီမံကိန်းဝင်ပင် စုစုပေါင်း ၂၄၀၆၀ ကို စိုက်ပျိုးကြသည်။ (သတင်းစဉ်)

ရန် ကုန် တိုင်း စစ် ဌာ န ချုပ် အင်းတိုင်တပ်နယ် မိုးရာသီ သစ်ပင် စိုက် ပွဲ တော် အခမ်း အနား ကို လှည်းကူးမြို့နယ် ရှိ နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန် တိုင်း အေးချမ်း သာယာ ရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန် တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ရန် ကုန် တိုင်း အမျိုးသမီးရေးရာ အဖွဲ့ နာယက ဒေါ်ခင်သက်ဌေး အမှတ်တရသစ်ပင် များ စိုက်ပျိုးပေး စဉ်။ (ရကတ)

ဥပုသ်နေ့တိုင်း သီလပေးတရား ချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၂၃

ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၌ ဝါဆိုတော်မူကြကုန်သော သံဃာတော် အရှင်မြတ်များအား ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၀ရက် (ဝါဆို လပြည့်နေ့) နံနက် ၉နာရီခွဲ က ကျင်းပ ခဲ့သည်။

အဆိုပါ ကျောင်းတိုက်၌ ဝါတွင်း သုံးလ ဥပုသ်နေ့တိုင်း နံနက် ၉နာရီခွဲ တွင် သီလပေးတရား၊ မွန်းလွဲ ၁နာရီ တွင် နိဗ္ဗာန်ရောက်ကြောင်းတရားနှင့် ညနေ၃နာရီတွင် မဟာသတိပဋ္ဌာန် အလုပ်ပေးတရားများ ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ သီတင်းသီလ ဆောက်တည်လိုသူများ ကြွရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

တတိယအကြိမ် ဆီမီး ၉၉၀၀ မဂ္ဂဇင်းထုတ်ဝေရန်အတွက် ရန်ကုန်မြို့နေ ဦးအောင်မျိုး-ဒေါ်ခင်သူဇာ၊ သား မောင်အောင်ခန့်မင်းမိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၃ရက်က အဖွဲ့ရုံးခန်း၌ကျင်းပရာ မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)၊ ဒုတိယ အယ်ဒီတာချုပ် ဦးဘိုကြည်၊ တာဝန်ခံ အယ်ဒီတာ ဦးခင်မောင်ညွှန့်နှင့် အမှုဆောင်များ လက်ခံရယူစဉ်။ (၆၁)

အမှာစကား ပြောကြား

၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို အလက(၅) သာကေတ အင်ကြင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးချစ်အေး အမှာစကားပြောကြားစဉ်။ (ပညာရေး)

ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များ အဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါကု မိသားစု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ် Continuing Professional Development CPD Forum for General Practice Family Medicine ကို ဇူလိုင် ၂၇ ရက် ဗုဒ္ဓဟူးနေ့ မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ မြန်မာနိုင်ငံဆရာဝန် အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်သည်။

(သတင်းစဉ်)

ရောဝတီတံတား(မကွေး)ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၂၃

ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို မကွေးဘက်တွင် အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့် (၂)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေစီးနှုန်းမြင့်မားလာသဖြင့် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို ၂၀၀၅ခုနှစ် ဇူလိုင် ၂၅ရက်မှစ၍ မကွေးဘက်တွင် အစုန်လမ်းကို ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းကို ရေလယ်တိုင် အမှတ်(၂)နှင့် (၃) အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

အမှတ်အသား

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်းပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်း ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်း ခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဆိုက်ခေါင်-ပွန်ချောင်း-နမ့်စန်ရထားလမ်း တံတား ၃၂၄စင်း အားလုံးတည်ဆောက်ပြီးစီး မကြာမီ သံလမ်းခင်းလုပ်ငန်းများပြီးစီးမည်

ရန်ကုန် ဇူလိုင် ၂၃

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက နမ့်စန်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ပွန်ချောင်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးက ဆိုက်ခေါင်-နမ့်စန် ရထားလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စီမံကိန်းဒါရိုက်တာ ဦးတင်စိုးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေ၊ တံတားများတည်ဆောက်ပြီးစီးမှုနှင့် စက်ယန္တရားအသုံးပြုမှုများ၊ ကျောက်တောင်များ ရှင်းလင်းဖယ်ရှားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်တိုင်းမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာပြီးစီးအောင် ဆောင်ရွက်ရေး၊ လမ်းတံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရန် စနစ်တကျ ထိန်းသိမ်းပြုပြင်ရေး၊ လုပ်ငန်းခွင်တွင် အန္တရာယ်ကင်းရှင်းရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် တိုင်းမှူးသည် အရှည် ၇၂၇ပေရှိ ပွန်ချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုပြီး ဘန်းကျောက်နှင့် ကောင်ဆိုင်းအကြား လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကျောက်မိုင်းခွဲ ရှင်းလင်းနေမှုများကိုလည်းကောင်း သံလမ်းပြေးယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

အဆိုပါ ဆိုက်ခေါင်-ပွန်ချောင်း-နမ့်စန်ရထားလမ်းမှာ အရှည် ၁၀၃မိုင်ရှိပြီး ပွန်ချောင်းတံတား အပါအဝင် တံတား ၃၂၄စင်းရှိရာ အားလုံးတည်ဆောက်ပြီးစီးပြီဖြစ်ကြောင်းနှင့် မကြာမီကာလအတွင်း ရထားသံလမ်းခင်းခြင်း လုပ်ငန်းများပြီးစီးတော့မည်ဖြစ်သည်။ (သတင်းစဉ်)

ဇူလိုင် ၂၃ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒေါက်တာဟိုဆေးရာမို့ဟော်တာအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးတက္ကသိုလ်နှင့် စက်မှုဇုန်တည်ဆောက်ရေး လုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၀ ရက် မွန်းလွဲ၁နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိကြရာ ဧည့်ခန်းမ၌ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်လှိုင်နှင့် အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)မှ အင်ဂျင်နီယာမှူး ဦးခင်မောင်ဆွေတို့က တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဘွဲ့နှင်းသဘင်ခန်းမ

မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ အလျား ၂၀၄ပေ၊ အနံ ၂၀၄ ပေရှိ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်၍ ခန်းမအတွင်း မြေညီထပ်တွင် ၁၄၀၀၊ ပထမထပ်တွင် ၄၀၀ စုစုပေါင်း အင်အား ၁၈၀၀ ဘွဲ့နှင်းသဘင် တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မန္တလေးမြို့ စက်မှုဇုန်၊ ၆၈လမ်းပေါ်ရှိ တိုးကွားမန်းကွန်ပေါင်း ဓာတ်မြေသြဇာစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း စက်မှုဇုန်စွန့်ပစ် ရေဆိုးများမှတစ်ဆင့် ကွန်ပေါင်း ဓာတ်မြေသြဇာ ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ဓာတ်မြေသြဇာ စမ်းသပ်ခန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် မန္တလေးမြို့ စက်မှုဇုန်၊ ၅၁ လမ်းပေါ်ရှိ သံရည်ကျို ပုံလောင်း၊ ပုံထောင်း၊ စက်ခုတ်စားစက်ရုံသို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုကြိုးပမ်းဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် စက်ပစ္စည်းထုတ်လုပ်စက်ရုံနှင့် ကွန်ပျူတာစနစ်သုံး တွင်ခုံတပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မန္တလေးစက်မှုဇုန်၊ ၅၁ လမ်းနှင့် ဖိုးရာဇာလမ်းထောင့်ရှိ ၃၃/၁၁ကေဗွီ(၂၀အမ်ဗွီအေ) လျှပ်စစ်ဓာတ်အားခွဲရုံ၌ စက်များတပ်ဆင်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားခွဲဝေပေးမှု အခြေအနေများကိုလည်းကောင်း၊ ယောမင်းကြီးလမ်းရှိ စီဝိုင်တီချည်မျှင်စက်ရုံသို့လည်းကောင်း၊ ဒုံးပျံဂျုံစက်ရုံသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေ ၄နာရီခွဲတွင် တိုင်းမှူးသည် အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပသည့် ၂၀၀၅ခုနှစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲသို့ တက်ရောက်အားပေးသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယဆုရ အသင်းများနှင့် နေရာအလိုက် ဆုရရှိသူများ၏ တစ်ဦးချင်းဆုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး ပထမဆုရအသင်းအား တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အားကစားအသင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

တရားသူကြီးချုပ် ဦးအောင်တိုးနှင့် တရားရုံးချုပ်(ရန်ကုန်) ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဇနီး ဒေါ်အေးကြည်တို့အား အမှူးထား၍ တရားရုံးချုပ်(ရန်ကုန်) ဝန်ထမ်းမိသားစုများက သံဃာအပါး ၄၂၀တို့အား အရဏ်ဆွမ်းလောင်းလှူပွဲနှင့် (၅၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၄ နာရီခွဲတွင် ဗဟန်းမြို့နယ်ကြားတောရလမ်းရှိ တရားရုံးများဆိုင်ရာ ဗုဒ္ဓဘာသာအသင်း ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဆူးခါး ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဇနိတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များကို နာကြားကြသည်။ ဆက်လက်၍ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် ဇနီး၊ တရားရုံးချုပ် တရားသူကြီးများနှင့် ဇနီးများ၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူးနှင့် ဝန်ထမ်းမိသားစုများက သံဃာတော် ၁၀ပါးတို့အား ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆူးခါး ပရိယတ္တိစာသင်တိုက် စာချဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသထံမှ သာဓုအနုမောဒနာ တရားတော်နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်မြားပစ်ပြိုင်ပွဲ

မြန်မာမြားပစ်အဖွဲ့ ရွှေ(၄)၊ ငွေ(၃) ကြေး(၂)ရရှိနေ

ရန်ကုန် ဇူလိုင် ၂၃

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇူလိုင် ၂၀ ရက်မှ စတင်ကျင်းပလျက်ရှိသည့် (၂၉)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်မြားပစ်ပြိုင်ပွဲသို့ မြန်မာမြားပစ်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ဇူလိုင် ၂၂ ရက် ပွဲစဉ်များအပြီးတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

ဆုတံဆိပ်ရရှိ

ဆုတံဆိပ်များအနက်မှ ရွှေတံဆိပ်သုံးခုကို ပေါ်ဦး၊ ညီညီထွန်းနှင့် ဇော်မင်းထွန်းတို့ကရရှိသည်။ ငွေတံဆိပ်တစ်ခုကို အမျိုးသမီးပွဲစဉ်၌ ကေသီက လည်းကောင်း၊ ကြေးတံဆိပ်နှစ်ခုကို သင်းသင်းခိုင်နှင့် ကေသီတို့က လည်းကောင်း ရရှိကြသည်။

ယနေ့ဆက်လက်ကျင်းပသော ပြိုင်ပွဲတွင် မြန်မာအဖွဲ့က ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးရရှိရာ စုစုပေါင်း ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခုရရှိထားသည်။ အဆိုပါပြိုင်ပွဲတွင် မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် အီရန်တို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ (ကြေးမုံ)



Recurve **အမျိုးသားတစ်ဦးချင်း မီတာ ၉၀ ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သော ညီညီထွန်း။** (ကြေးမုံ)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် အဆင့်မြင့်ရေး၊ သန့်ရှင်းသာယာလှပစေရေးနှင့် လမ်းများအဆင့်မြှင့်တင် ခင်းကျင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာလုပ်ငန်းများနှင့် မြို့နယ်တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာ၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ရှေးဦးစွာ နံနက် ၆ နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် မြကန်သာ(၂)လမ်းဆုံသို့ ရောက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်းနှင့် တံတားက ကမာရွတ်ချောင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် မြကန်သာ(၂)လမ်းအတွင်း လမ်းဘေးဝဲယာမှ မြက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းဆယ်ယူနေမှု အခြေအနေများကိုလည်းကောင်း၊ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ အလယ်တောရ စံပြစာသင်တိုက်အနီး ဓမ္မစေတီလမ်း ရေစီးရေလာကောင်းမွန်စေရန် လမ်းဖြတ်ရေနုတ်မြောင်းအတွင်းမှ အမှိုက်များ၊ နုန်းများ ဆယ်ယူ ရှင်းလင်းနေမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းကို အဆင့်မြှင့်နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှုနှင့် လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် ရေမဝပ်စေရေးအတွက် ပါရမီလမ်းနှင့် အင်းစိန်လမ်းဆုံအနီး ရေနုတ်မြောင်းကို စက်ယန္တရားကြီးများဖြင့် တူးချဲ့ တူးဖော်လျက်ရှိသည့် လုပ်ငန်းများကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းတစ်လျှောက် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန် တေဇစက္ကိဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်အဝင် မုခ်ဦးရှေ့အနီး၌ စက်ယန္တရားကြီးများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူးနှင့် မြို့တော်ဝန်တို့က မိမိတို့ မြို့နယ် သန့်ရှင်းသာယာလှပစေရန် အမှိုက်များကို ရေနုတ်မြောင်းများ အတွင်းသို့ စည်းကမ်းမဲ့ မစွန့်ပစ်ရေး၊ စနစ်တကျဖြင့် သတ်မှတ်နေရာများတွင်သာ စွန့်ပစ်ရေးတို့အတွက် မြို့နယ်မှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပူးပေါင်း ကူညီဆောင်ရွက်ရေး၊ လုပ်ငန်းများ သွက်လက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း အဆင့်မြင့် နိုင်လွန်ကတ္တရာထပ်ပိုးလျှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။(ရကတ)

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဖျာပုံတံတားနှင့် တွံတေးတံတား စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဘုရင့်နောင်-ဆားမလောက်-မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက်မိုးတွင်းကာလ လမ်း၊တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေး၍ ဖျာပုံဘက်ကမ်း ဖျာပုံတံတားစီမံကိန်းလုပ်ငန်းခွင်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံတံတားပင်မ ရေလယ်တိုင် P_4 နှင့် P_5အကြား သံကူကွန်ကရစ်အခင်းပြားများ ခင်းပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေးဒရဲဘက်ကမ်း၌ ဘိုးပိုင်ကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တံတားစီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ပင်မတံတားနှင့် ဆက်စပ်နေသော ချဉ်းကပ်တံတားသံမဏိ သံပေါင်ရက်မ(Plate Girder)အပိုင်း အမြန်တပ်ဆင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပြီးစီးမှု

ယခုအခါ ဖျာပုံတံတားမှာ ပင်မတံတားသံပေါင်တပ်ဆင်ခြင်းပြီးစီး၍ ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ချဉ်းကပ်တံတားလုပ်ငန်း၌ ဒေးဒရဲဘက်ကမ်းကွန်ကရစ်လုပ်ငန်းတွင် ၆၀ရာခိုင်နှုန်း၊ ဖျာပုံဘက်ကမ်းတွင် ၁၀ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

တွံတေးတံတားစီမံကိန်း

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-တွံတေး လမ်းမတစ်ဆင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ တွံတေးတံတားစီမံကိန်း ဒလဘက်ကမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ခံဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဝန်ကြီးက ကြိုးထိန်းခုံလုပ်ငန်းနှင့် ကြိုးထမ်းတာဝါတိုင် လုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရန်နှင့် ကျန်လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်သွားရန်မှာကြားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ

၈:၀၅ ၇။ အဆိုပြိုင်ပွဲ

၈:၁၅ ၈။ ကံတင်ဘီးလင်းရေလှောင်တမံ

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Say it in English.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ စောရဝိန္ဒာနှင့် မိစ္ဆာခွင်းဓား (အပိုင်း-၂၃)**

၁၂:၂၀ ၅။ **(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ပိုက်ကျော်ခြင်း)**

၁၂:၃၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း "ထိချက်မှန်သော မြားတစ်စင်း" [ဇော်ဝမ်း၊ ချိုပြုံး၊ ထွန်းထွန်း (Examplez)၊ နဝရတ်] [ဒါရိုက်တာ-မျိုးအေး]**

၂:၀၀ ၇။ အတီးပြိုင်ပွဲ

၂:၁၅ ၈။ ကပ်တဲလ်ကြိုးတံတား

၂:၂၅ ၉။ **"မနိုင်သောအရှုံး" (ဟက်ကက်၊ ခင်ရဲထက်၊ နိုင်သင်းကြည်) [ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး]**

၂:၃၅ ၁၀။ ဂမုန်းရေလှောင်တမံ

၂:၄၅ ၁၁။ International News.

၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ သံသာချိုအေး(၃၈)ဖြာမင်္ဂလာတေး

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (ရုက္ခဗေဒ)

၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ

၅:၃၀ ၇။ မြန်မာစာ၊ မြန်မာစကား

၅:၄၅ ၈။ တေးဂီတအစီအစဉ်

၅:၅၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၃၀ ၁၀။ ညနေခင်းသတင်း

၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ" (အပိုင်း-၄၂)**

၇:၃၀ ၁၃။ မြန်မာ့ခြင်းလုံး

၇:၄၀ ၁၄။ တေးဂီတအစီအစဉ်

၇:၅၀ ၁၅။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၆၁)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ သုတဘဏ်စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် သုတဘဏ်စာတမ်းဖတ်ပွဲကို ယနေ့မွန်းတည့်၁၂နာရီတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးတည်ရှိရာ ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ်(၅၂၉/၅၃၁)ရှိ စာပေဗိမာန်အဆောက်အအုံ(ဒုတိယထပ်)၌ ကျင်းပသည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အထူး ဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။ သုတဘဏ်စာတမ်းဖတ်ပွဲတွင် ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့်(မောင်ဆုရှင်)က စာတမ်းရှင်များနှင့် စပ်လျဉ်း၍ မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် စာတမ်းရှင် ဒေါ်ကြန်(မကြန်)က "ကျမ်းသုတေသနပြုခြင်း" စာတမ်းနှင့် စာတမ်းရှင် ဒေါက်တာမြင့်လှိုင်က "မြန်မာမှ အင်္ဂလိပ်ဘာသာပြန်"စာတမ်းတို့ကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် စာတမ်းရှင်များက မေးခွန်းများကို ပြန်လည်ဖြေကြားကြပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် သုတဘဏ် စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)



ဂီတအိုင် ဆရာ၊ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သာရေး၊နာရေးရန်ပုံငွေ အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဇူလိုင် ၉ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရွှေကျင်နိကာယ ဓမ္မဗိမာန်၌ ကျင်းပရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရန်ဝင်းက အလှူရှင် ဦးကြည်လင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

❒ ပြည်ထောင်စုကြံ့ခိုင်ရေးမှ

ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းက လူထုဟောပြောနည်းဘာသာရပ်၌ တတိယရရှိသူ ဒေါ်ခိုင်သဇင်သင်းနှင့် ဒုတိယရရှိသူ ဦးစိန်ထွန်းတို့အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်သည်။

ပေးအပ်

ထို့နောက် အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ရေးဖြေဘာသာရပ်နှင့် လူထုဟောပြောနည်း ဘာသာရပ်တို့၌ ပထမရရှိသူ ဒေါ်ခင်မိမိနှင့် လူထုဟောပြောနည်း ဘာသာရပ်၌ ပထမရရှိသူ ဦးစိုးတို့အား ဂုဏ်ပြုဆုများကို လည်းကောင်း၊ သင်တန်းထူးချွန်ဆုရ ဒေါ်ဝင်းဝင်းသန့်အား ဂုဏ်ပြုဆုများကိုလည်းကောင်းပေးအပ်ပြီး သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများကိုယ်စား ဦးသန့်ဇင်အောင်အား ပေးအပ်သည်။

ဂုဏ်ပြု

ယင်းနောက် T.M.D.C Co., (တာမွေပလာဇာ)မှ မန်နေဂျင်းဒါရိုက်တာ ဦးမိုက်ကယ်ညွန့်နှင့် ဇနီး ဒေါ်နန်းထွေးခမ်းညွန့်တို့က ငွေကျပ် ၁၀သိန်း တန်ဖိုးရှိ ပင်နီယမ် -4- Computer တစ်လုံးနှင့် Laser Printer တစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး ဦးအောင်သောင်းကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

(သတင်းစဉ်)

ချင်းပြည်နယ် ဟားခါးမြို့၌ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၀ရက် (ဝါဆိုလပြည့်နေ့) နံနက် ၈ နာရီခွဲတွင် ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဟားခါးမြို့ မြို့မသာသနာပြု ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဇဋိလ (ဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော ဆရာတော် သံဃာတော် ၅၃ ပါးနှင့် သီလရှင်ငါးပါး ကြွရောက်တော်မူကြပြီး ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့် ဇနီး ဒေါက်တာခင်စောမူ၊ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် မိသားစုများ၊ တပ်ရင်း တပ်ဖွဲ့မှ အရာရှိများနှင့် မိသားစုများ၊ အလှူရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

သီလဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့မသာသနာပြု ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဇဋိလထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြပြီး ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှက ဆရာတော် ဘဒ္ဒန္တ ဇဋိလအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပြီး ပြည်နယ်ဥက္ကဋ္ဌ၏ ဇနီး ဒေါက်တာခင်စောမူက သီလရှင် ငါးပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်ဦးနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို "ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

တန့်ကြည့်တောင် ဝိပဿနာရိပ်သာ (ရန်ကုန်) အဓိဋ္ဌာန်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသောမဗုဒ္ဓိ တန့်ကြည့်တောင်ဆရာတော်ကြီးသည် (၂၃)ကြိမ်မြောက် သတိပဋ္ဌာန် ဝိပဿနာ ခုနစ်ရက် အဓိဋ္ဌာန်ပွဲကို မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်း ကျေးရွာအနီးရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုဌာန တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်)၌ ဟောကြားပြသမည်ဖြစ်သည်။

ပထမပတ် အဓိဋ္ဌာန်ပွဲကို ဩဂုတ် ၁ရက် ညနေမှ ဩဂုတ် ၈ရက် နံနက်အထိလည်းကောင်း၊ ဒုတိယပတ် အဓိဋ္ဌာန်ပွဲကို ဩဂုတ် ၈ရက် ညနေမှ ဩဂုတ် ၁၅ရက် နံနက်အထိလည်းကောင်း ကျင်းပမည်ဖြစ်ရာ အဓိဋ္ဌာန်ပွဲ ဝင်လိုသော ယောဂီများသည် ရိပ်သာဖုန်း- ၂၄၇၅၅၇ နှင့် ကပ္ပိယကာရက အဖွဲ့ဝင်များထံ ဆက်သွယ်၍ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး၏ ရှင်သာမဏေပြုပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး ဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပသော (၃၄)ကြိမ်မြောက် ရှင်သာမဏေပြုပွဲနှင့် (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ကင်းလမ်းမရှိ အဆိုပါရုံးသစ် ပင်စင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်း ပဓာန နာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပဏ္ဍိတ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး ဗုဒ္ဓဘာသာအသင်း နာယကများ၊ အသင်းဥက္ကဋ္ဌ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကြည်နှင့် တာဝန်ရှိသူများ၊ ရုံးဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်း ပဓာန နာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပဏ္ဍိတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌ အမှူးပြုသော ဝန်ထမ်းမိသားစုများနှင့် ပရိသတ်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်းမှ ကျောင်းသား ၁၀၈ဦးတို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ကြသည်။

ရေစက်သွန်းချ

ယင်းနောက် ဆရာတော် ဘဒ္ဒန္တ အာစရထံမှ သာဓုအနုမောဒနာ တရားနှင့် ရေစက်ချ တရားတော်တို့ကို နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များနှင့် ရှင်သာမဏေ ၁၀၈ပါးတို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး ဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပသော (၃၄)ကြိမ်မြောက် ရှင်သာမဏေပြုပွဲနှင့် (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ငွေစာရင်းရုံး ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌ၊ ရုံးဝန်ထမ်းမိသားစုများနှင့် ပရိသတ်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဇူလိုင် ၂၁ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)ဝိုင်း ဒေးဒရဲကျောင်းတိုက်အတွင်းရှိ ဆုတောင်းပြည့် ကြေးတော်ကြီးဘုရား၌ကျင်းပသည့် ဒုတိယအကြိမ် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပွဲတွင် တောင်စွန်း ဝိဝေကဆရာတော် ဘဒ္ဒန္တ တိက္ခ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) နှင့် သံဃာတော်များအား ကျင်းပရေးကော်မတီနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၅၂၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၅ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ရော်ဘာစိုက်ပျိုးပြည့်အကျိုး ဆတိုးဆောင်ရွက်စီးပွားတက်
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၃၀	Sunday Talk
၈:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	အန္တရာယ်ကင်းသောမိခင်ဘဝ
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	မြန်မာစာ မြန်မာစကား (၆)
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀	ဇော်ဝင်းထွဋ် Live Show At MCC (1)
၉:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	စေ့စေ့စပ်စပ် (ဇော်ဦး၊ ခိုင်နှင်းဝေ)
၁၀:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	UEFA Stories Euro 2004 (Group D)
၁၀:၅၀	ပြည်သူ့အင်အားဦးစီးဌာနအကြောင်းသိကောင်းစရာများ
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဝါဆိုသင်္ကန်း ကပ်လှူ

ဗုဒ္ဓဘာသာ ကလျာဏယုဝ (YMBA)အသင်း ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် (ဝါဆိုလပြည့်နေ့)က အသင်းခန်းမတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဗိုလ်နီ ဝါဆိုသင်္ကန်းကပ်လှူစဉ်။ (၂၃)

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်း (အထက၁၁)၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းဌေးနှင့် ဆရာ၊ ဆရာမများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများအား ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်သည့်အခမ်းအနား ကျိုင်းတုံမြို့၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ရရှိသူများအား ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားကို ဇူလိုင် ၂၂ရက် နံနက် ၁၀နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီးနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ၂၀၀၃ခုနှစ်တွင် နိုင်ငံတော်မှချီးမြှင့်သည့် စီမံထူးချွန် တတိယဆင့် တစ်ဦး၊ လူမှုထူးချွန် ပထမဆင့် တစ်ဦး၊ ဒုတိယဆင့် တစ်ဦး၊ တတိယဆင့် တစ်ဦး စုစုပေါင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ လေးဦးတို့အား ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုစာလွှာများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး တိုင်းမှူးက ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး၊ ဇနီး ဒေါ်ရင်ရင်မြနှင့် သား၊ သမီး၊မြေးမိသားစုက ရန်ကုန်တိုင်း သာကေတမြို့နယ် ပါဠိကာရိပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂီသဆရာတော်ကြီးအား ပါဠိပိဋကတ်သုံးပုံ စာအုပ်တစ်စုံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကြည့်ရှုအားပေး

ရန်ကုန်တိုင်း စစ်ဌာနချုပ် ရန်ကုန်တပ်နယ် တပ်နယ်မှူး တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဖူဆန်အားကစားရုံ၌ကျင်းပရာ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၂၆၄၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဝါဆိုသင်္ကန်း ဆက်ကပ်

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်လုံးဆိုင်ရာ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါတွင်း သံဃဒါန ဆွမ်းဆန်တော်များ လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများက ရပ်ကွက်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မိတ္တီလာကျောင်းဆရာတော် ဘဒ္ဒန္တ ဝါသဝနှင့် ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။

(၅၀၆)

ဖြူးဆရာတော် တရားပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

ဘဒ္ဒန္တနရပတိ(ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သာသနဓဇဓမ္မာစရိယ၊ ပြည်တွင်းပြည်ပ မဟာစည်နာယက) ဖြူးဆရာတော်အရှင်မြတ်သည် ရန်ကုန်မြို့ လှိုင်မြို့နယ် (၅)ရပ်ကွက်၊ ကမာရွတ်ဘူတာအနီး ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာအတွင်းရှိ ဓမ္မရက္ခိတ လေးထပ်သာသနာ့ဗိမာန်တော်၌ ဇူလိုင် ၂၄ရက်(တနင်္ဂနွေနေ့) ည ၇နာရီတွင် မဟာစည် သတိပဋ္ဌာန် ဝိပဿနာ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ရန်ကုန်တပ်နယ်မှူး တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ် တပ်နယ်မှူး တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဖူဆန်အားကစားရုံ၌ ကျင်းပရာ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်နှင့် တပ်နယ်မှူးများ၊ ရန်ကုန်တပ်နယ်အတွင်းမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ စစ်သည်များနှင့် မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ကျင်းပမည်

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ်များနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း၊ အားကစားသမား ၈၄ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၂၇ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အိုးပင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၅ ခုနှစ် (၉)ကြိမ်မြောက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အိုးပင်းစစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မီးသတ်ဦးစီးဌာန သီတာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။

ဆုကြေးများချီးမြှင့်

အစီအစဉ်အရ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသိန်းတန်ဦးက သတ္တမနေရာမှ စတုတ္ထနေရာအထိ ဆုကြေးများကို လည်းကောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်သန်းတို့က တတိယနေရာမှ ပထမနေရာအထိ ဆုကြေးများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆုဖလားများပေးအပ်

ထို့နောက် အဖွဲ့ချုပ်အမှုဆောင် ဒေါ်ခင်အုန်းမြင့်က တတိယရရှိသော ကျော်လင်းနိုင်(သစ်တောရေးရာ)အား လည်းကောင်း၊ အဖွဲ့ချုပ်တာဝန်ခံ နာယက ဒေါ်စိုးဝတ်ရည်က ဒုတိယရရှိသော မျိုးနိုင်(ပြည်ထဲရေး)အား လည်းကောင်း၊ အဖွဲ့ချုပ် တာဝန်ခံနာယက ဒေါ်မူမူဝင်းက ပထမရရှိသော မောင်မောင်ကြိုင်(ပြည်ထဲရေး)အားလည်းကောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ဗုဒ္ဓနည်းကျ မြတ်ဓမ္မ သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၂၃

မိုးညိုဆရာတော်၏ ဗုဒ္ဓနည်းကျ မြတ်ဓမ္မ တရားသင်တန်းကို ဇူလိုင် ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ နိစ္စသုခစံကျောင်း၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။(က-ပ)

မြေမှာစပါး ရေမှာငါး စိုက်မွေးအားထား ပြည်စီးပွား

ရန်ကုန်ရေကူးအသင်း အသက်ကယ်သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၃

အားကစားနှင့်ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲနှင့် ရန်ကုန်ရေကူးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ရန်ကုန်ရေကူးအသင်း ရေပြင်အသက်ကယ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်း သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြား၍ သင်တန်းကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရေပြင်အသက်ကယ် နည်းပြအဖွဲ့ခေါင်းဆောင် Mr. Chiang Hsi - Kuo က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် Shine Hope Co., Ltd. မှ ဒေါက်တာခင်ခင်ရီက သင်တန်းအတွက် အထောက်အကူပြုပစ္စည်းများကို ညွှန်ကြားရေးမှူးချုပ်အား ပေးအပ်လှူဒါန်းသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၂ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း တိုင်းမှူး ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

မင်းဝံတောင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၂၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၀ရက် နံနက်ပိုင်းတွင် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း စစ်ကိုင်းဘက်ကမ်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတား တည်ဆောက်ရေး စီမံကိန်းတာဝန်ခံ ဦးစောထွန်းနှင့် တာဝန်ရှိသူများက ပင်မတံတားရေလယ်တိုင် တည်ဆောက်မှု၊ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဆွေးနွေးမှာကြားပြီး တံတား တည်ဆောက်မှုလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်ကြည်ညို

ယင်းနောက် တိုင်းမှူးသည် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၀၅ခုနှစ် စစ်ကိုင်းခရိုင် ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုသည်။

အစီအစဉ်အရ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး စစ်ကိုင်းတိုင်း သံဃနာယက အဖွဲ့ဥက္ကဋ္ဌ၊ စစ်ကိုင်းမြို့ ဟံသာဂီရိကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒဝံသ ထံမှ ကိုးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်မိသားစု က ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် ဆီတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်များနှင့် သီလရှင်များအား ဝါဆိုသင်္ကန်းနှင့် သီလရှင်ဝတ်စုံများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ဆက်လက်၍ စစ်ကိုင်းမြို့ ရတနာဗိမာန် ထူပါရုံရွှေကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏောဘာသထံမှ အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်းရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးသည် စစ်ကိုင်းမြို့ လေးကျွန်းမြေအုတ်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆရာတော်နှင့် စာသင်သံဃာတော် ၄၇ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စိုက်ပျိုးပေး

ထိုမှတစ်ဆင့်တိုင်းမှူးသည် ၂၀၀၅ခုနှစ် စစ်ကိုင်းမြို့ မင်းဝံတောင် မိုးရာသီ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲသို့ တက်ရောက်၍ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် တမာပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် တက်ရောက်လာကြသူများ၏ တမာ၊ မန်ကျည်း၊ မန်ကျည်း၊ ရှား၊ မြန်မာကုက္ကို စုစုပေါင်း သစ်ပင်မျိုးစုံ ၅၀၀၀ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

စစ်ကိုင်းခရိုင်အတွင်း မိုးရာသီစိမ်းလန်း စိုပြည်ရေးအတွက် သစ်ပင်မျိုးစုံ စုစုပေါင်း ၁၅၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းမှူးသည် စစ်ကိုင်း-မုံရွာ ကားလမ်း မိုင်တိုင်အမှတ် (၆၃/၇)၌ ကျင်းပသည့် ချောင်းဦးမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပွဲသို့ တက်ရောက် အားပေးပြီး စစ်ကိုင်း-မုံရွာ ကားလမ်း ဘေးဝဲ/ယာစိမ်းလန်း စိုပြည်ရေးတစ်အုပ် တစ်မ သစ်ပင်စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

အပင်အာဟာရ အပြည့်အဝရရှိရန် ပုလဲဓာတ်မြေဩဇာကို အကျိုးရှိရှိအသုံးပြုရေး နှိုးဆော်ချက်

၁။ ပုလဲဓာတ်မြေဩဇာသည် စနစ်တကျအသုံးမပြုပါက ပါဝင်သည့် အပင်အာဟာရနိုက်ထရိုဂျင်ဓာတ်(၆၀)မှ (၈၀)ရာခိုင်နှုန်းအထိ လေလွင့်ဆုံးရှုံး စေနိုင်ပါသည်။ ဆုံးရှုံးမှုကြောင့် စပါး တစ်ဧကလျှင် ပုလဲဓာတ်မြေဩဇာ နှစ်အိတ်သုံးပါက (၅)ပုံ(၁) ပုံသာ အပင်မှရရှိနိုင်ပါသည်။

၂။ ဆုံးရှုံးမှုသည် (၁) အမိုးနီးယမ်းအိုင်းယွန်း ($NH+_{4}$) အဖြစ် စီးဆင်းရေနှင့်ပါသွားသည်။ (၂) အမိုးနီးယားဓာတ်ငွေ့ (NH_3)အဖြစ် လေထဲတွင်အငွေ့ပြန် ဆုံးရှုံးသွားသည်။ (၃) နိုက်ထရိုဂျင်ဓာတ် (N_2)အဖြစ် လေထဲသို့ အငွေ့ပြန်သည်။ အပူချိန်နိမ့်သော နံနက်ပိုင်းတွင် စပါးခင်းများ မြေချဉ်ငန်ဓာတ် (PH_6) ဝန်းကျင်တွင်ရှိသော်လည်း နေ့လယ်ပိုင်းအပူချိန် မြင့်တက် လာပါကမြေအချဉ်ငန်ဓာတ်မှာ (PH_{11}) ထိ ရှိလာပြီး အမိုးနီးယား ဓာတ်ငွေ့ (NH_3) အဖြစ်ပြောင်းလဲကာ ဆုံးရှုံးမှုများစေသည်။

၃။ သို့ဖြစ်ပါ၍ ပုလဲဓာတ်မြေဩဇာ အကျိုးရှိရှိအသုံးပြု နိုင်ရန်အတွက် အောက်ပါအတိုင်း စနစ်တကျသုံးစွဲရန်နှိုးဆော်အပ်ပါသည်-

(က) စပါးပင် သက်တမ်းတစ်လျှောက်လုံးအတွက် တစ်ဧကလျှင် ပုလဲဓာတ်မြေဩဇာတစ်အိတ်နှင့် သဘာဝမြေဩဇာ (နွားချေး/မြေဆွေး/အမှိုက်ဆွေး/ဘိုကာရှီ) သုံးအိတ် သုံးစွဲပါ။

(ခ) သုံးစွဲမည့်ပုလဲဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို တစ်ကြိမ်တည်း မသုံးစွဲဘဲ စပါးပင်မှ နိုက်ထရိုဂျင်ဓာတ် လိုအပ်ချိန်များဖြစ်သည့် ကောက်ပင်လှန်ချိန်၊ ပင်ပွား အများဆုံးထွက်ချိန်၊ မှို့ကပ်ချိန် (သို့မဟုတ်) ရောင်စဉ် ကတ်ကိုသုံး၍ အပင်လိုအပ်ချိန်တွင် ထည့်သွင်းပါ။

(ဂ) တစ်ကြိမ်လျှင် ပုလဲဓာတ်မြေဩဇာတစ်အိတ်၏ သုံးပုံ တစ်ပုံကို သဘာဝမြေဩဇာတစ်အိတ်နှင့် သမအောင် ရောပါ၊ ရောစပ်ရာတွင် အစိုဓာတ်မများလွန်းစေဘဲ သင့်တင့်သော အစိုဓာတ်သာရှိအောင် ဂရုပြု၍ အပေါ်မှ ပလတ်စတစ်၊ ဂုန်နီအိတ်၊ ဖျာ စသည်တို့ဖြင့် လုံခြုံစွာဖုံးအုပ်၍ တစ်ည နှပ်ထားပါ။

(ဃ) မိုးအုံ့ပါက နေ့လယ်ပိုင်းတွင် မြေဩဇာအရောကို ကြဲပက်နိုင်သော်လည်း နေပူပြင်းပါက နံနက်ပိုင်း (၇)နာရီမှ (၉)နာရီအတွင်းနှင့် ညနေ(၃)နာရီ နောက်ပိုင်းမှ ကြဲပက်ပါ။

(င) မြေဩဇာအရောကို စပါးခင်းတွင် ကြဲပက်ထည့်ပြီးတိုင်း တမန်းပြင် အောက်သို့ရောက်ရှိရန် ခြေဖြင့်နင်းမြှုပ်၍သော်လည်းကောင်း၊ ပေါင်းလိုက် တမန်းနိုးကိရိယာ အသုံးပြု၍ သော်လည်းကောင်း တမန်းအောက်ရောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုထိရောက် နိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်နယ်ဥက္ကဋ္ဌဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လု တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၃

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်း ၁၀မြို့နယ် အမျိုးသား/အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ မိုးလုံလေလုံအားကစား ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယရရှိသော သထုံမြို့နယ်အသင်း၊ ပထမရရှိသော မုဒုံမြို့နယ်အသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ဒုတိယရရှိသော ရေးမြို့နယ်အသင်း၊ ပထမရရှိသော မော်လမြိုင်မြို့နယ် အသင်းတို့အား တစ်ဦးချင်းနှင့် ငွေသားဆုများကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမျိုးသမီးအသင်းလိုက် ပထမဆုရရှိသော မုဒုံမြို့နယ်အသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော မော်လမြိုင်မြို့နယ်အသင်းတို့အားတံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဘဏ္ဍာရေးရာဌာနကြီးနှင့် စာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာရင်းကိုင် သင်တန်း အမှတ်စဉ်(၁)သင်တန်းဆင်းပွဲအခမ်း အနားတွင်မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး ဌာနကြီးမှူးဒေါ်အေးအေးအမှာစကား ပြောကြားစဉ်။ (စီးပွား/ကူးသန်း)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အခြေခံစာရင်းကိုင် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီးနှင့် စာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အလုံ မြို့နယ် သခင်မြပန်းခြံလမ်းရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်အေးအေးတက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကထိကများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ဒုတိယစာရင်းစစ်ချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်အေးအေး က အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များ၊ အမျိုးသမီးထု၏ စွမ်းအားဖြင့် အမျိုးသမီးများဘဝမြှင့်တင်ရေး၊ အမျိုးသမီးများ၏ကဏ္ဍ အရေးပါပုံ တို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်အေးအေးက သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုလက်ဆောင် များကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် မဟာပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်ကြည်ညို စိုက်ပျိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

ရန်ကုန် ဇူလိုင် ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဇူလိုင် ၂၁ရက် နံနက် ၉နာရီခွဲတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းခန်းမ၌ ကျင်းပသော ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် မဟာပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ၊ လားရှိုးမြို့ ကာမိုင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာ အမှူးပြုသော ပင့်သံဃာတော်အပါး ၄၀ ကြွရောက်တော်မူကြပြီး တိုင်းမှူးနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီးနောက် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်တို့က မေတ္တသုတ်ပရိတ် တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီးနောက် တိုင်းမှူးနှင့် ဇနီး၊ တက်ရောက်လာကြသူများက ဆရာတော်အပါး ၄၀တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ဇနီး၊ တက်ရောက်လာကြသူများသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရန်အောင်မြင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစိတ္တထံမှ အနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများသည် ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲ ၁နာရီတွင် တိုင်းစစ်ဌာနချုပ် တိုင်းခန်းမနှင့် ဓမ္မာရုံတို့၌ တပ်နယ်အသင်းများအလိုက် မဟာပဋ္ဌာန်းပြိုင်ပွဲ ရွတ်ဆိုပြိုင်ပွဲများကို စတင်ကျင်းပပြီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း၃၇သင်းဖြင့် ဇူလိုင်၂၁ရက်နေ့အထိ ယှဉ်ပြိုင်ရွတ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက်တစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ လားရှိုးမြို့အထွက် ကုန်းမြင့်ယာမြေ အမှတ်(၁) ဧက၁၀၀၀ မျိုးစေ့ထုတ် ဇုန်အတွင်းရှိ အရိပ်မဲ့ ကော်ဖီဧက၁၁၀ စိုက်ခင်းသို့လည်းကောင်း၊ နှစ်ရှည်မက္ကဒေးမီးယားနှင့် နှစ်ရှည်ပျားလိမ္မော်ပင်များ၊ ဆင်းရွှေလီစပ်မျိုးပြောင်းများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ဟူးမွန်ကျေးရွာ၊ ဟူးမွန်ဆည်ရေသောက် စံပြစိုက်ခင်း ဧက၄၃ ဧက အထူးမျိုးသန့်ဇုန်၌ ဌာနဆိုင်ရာများမှ စိုက်ပျိုးထားသော ဆင်းရွှေလီ အထူးအထွက်တိုးစပ်မျိုးစပါး (အက်ဖ်ဝမ်း) မျိုးစေ့ထုတ်စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

စတုတ္ထအကြိမ်မြောက် ဇီဝိတဒါန သွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ စတုတ္ထအကြိမ်မြောက် ဇီဝိတဒါနသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ အဆိုပါဆေးရုံကြီး မင်္ဂလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် စာသင်တိုက်များမှ ဆရာတော်များနှင့် ပင့်သံဃာတော်များ၊ သီလရှင်များ ကြွရောက်တော်မူကြပြီး ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး)နှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဆရာဝန်ဆရာမများ၊ ဝန်ထမ်းများနှင့် သွေးလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှင်းလင်း

ရှေးဦးစွာ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က သွေးလှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သွေးလှူရှင်များကိုယ်စား သွေးလှူရှင် မမြင့်ကေခိုင်က သွေးလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဇီဝိတဒါန သံဃာ့ဆေးရုံဆေးရုံအုပ်ကြီး ဒေါက်တာဦးပိုလေးက ကျေးဇူးတင်စကား ပြောကြားကာ စုပေါင်း သွေးလှူဒါန်းပွဲကို စတင်ကျင်းပသည်။

ယနေ့သွေးလှူဒါန်းပွဲတွင် သံဃာတော်များ၊ သီလရှင်များ၊ ဇီဝိတဒါန သံဃာ့ဆေးရုံ ဝန်ထမ်းမိသားစုများနှင့် ပြင်ပမှ သွေးလှူရှင်များ စုစုပေါင်း ၂၁၄ဦးက သွေးလှူဒါန်းကြသည်။ (သတင်းစဉ်)

သွေးလှူဒါန်း

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ စတုတ္ထအကြိမ်မြောက် ဇီဝိတဒါန သွေးလှူဒါန်းပွဲ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး မင်္ဂလာခန်းမ၌ကျင်းပစဉ်။ (သတင်းစဉ်)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။

ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက် ၃နှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန် တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေး ရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိဖြစ် နိုင်သဖြင့် မိမိတို့၏ရင်သွေးများရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြ ပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျားအကိုက်ခံရ ခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များခြင်ကိုက် မခံရစေရန် အောက်ပါ အတိုင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

__လိုက်နာရမည့်အချက်များ__

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကိုနေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) မိမိတို့အိမ်ရှေ့ အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင်ရှင်းလင်းပါ။ (လိုအပ်ပါက စည်ပင် သာယာရေးအဖွဲ့၏ အကူအညီကို ယူပါ။)
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကိုဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန်တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများနေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။

(အကျႌလက်ရှည်၊ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် မြိတ်မြို့ မြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ တက်ရောက်

ရန်ကုန် ဇူလိုင် ၂၃

ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ဒသမအကြိမ် တပ်နယ်စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် နံနက် ၈နာရီက တိုင်းစစ်ဌာနချုပ် ဓမ္မာရုံ၌ကျင်းပရာ အခမ်းအနားသို့ ပင့်သံဃာဆရာတော်များ ကြွရောက်တော်မူကြပြီး တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝတ်ရွတ်အသင်းများ တက်ရောက်ကြည်ညိုကြသည်။

နာကြား

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ မြိတ်မြို့ စံကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဏဝံသထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြ၍ ဆရာတော် သံဃာတော်များထံမှ မေတ္တသုတ် ပရိတ်တရားတော်များ နာကြားကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းဓမ္မာရုံတွင် ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ကြပြီးနောက် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်များက စံကျောင်းဆရာတော်ကြီးထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြ၍ အခန်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်ကြည်ညို

နံနက်၁၀နာရီတွင် တိုင်းမှူးသည် မြိတ်မြို့ စန္ဒဝတီကုန်းမြေရှိ မဟာသိဒ္ဓိဇယစေတီတော်ကြီး ပရိဝုဏ် သာသနာ့ဗိမာန်တော်၌ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးကျင်းပသည့် (၁၄) ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အစီအစဉ်အရ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဏဝံသထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်များထံမှ ပရိတ်တရားတော်များ နာကြားကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သာသနာ့ဗိမာန်တော်တွင် ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ပြီး အလှူရှင်များနှင့်အတူ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်

ထို့နောက် ဧည့်ပရိသတ်များက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ကန်သာကျောင်း ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းပြီးနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

အမှတ်(၃၃)ရွှေတောင်ကုန်းရိပ်သာ အင်းလျားမြိုင်လမ်းနေ ဦးကောင်းတင်-ဒေါ်ခင်သောင်းချစ် မိသားစုက အလှူငွေကျပ်တစ်သိန်းကို သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်န်းကျွန်းမြို့နယ် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

ဂုဏ်ပြုဆုချီးမြှင့်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဗဟန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် စည်းရုံးရေး (အခြေခံ)သင်တန်း အမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲတွင် ဆုရသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (စက်မှု-၁)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း စည်းရုံးရေး(အခြေခံ)သင်တန်းဆင်းပွဲ တက်ရောက်

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသော ဗဟန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ ပူးပေါင်းဖွင့်လှစ်သည့် စည်းရုံးရေး(အခြေခံ)သင်တန်း အမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူများက **"ရာသက်ပန် ပြည်ထောင်စု"** သီချင်းကို သီဆို၍ သင်တန်းဆင်းပွဲအခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းထူးချွန်ဆုများကို ချီးမြှင့်ရာ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်က ရေးဖြေဘာသာရပ်၌ တတိယရရှိသူ ဒေါ်ပြည့်ပြည့်ခိုင်နှင့် ဒုတိယရရှိသူ ဒေါ်ခင်ဥမ္မာကျော်တို့အားလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❐

ပြည်တွင်းပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် အစားအသောက်များ၏ ထုပ်ပိုးမှုနှင့် ခွင့်မပြုဆိုးဆေးများ ပါဝင်မှုတို့ကြောင့် စားသုံးသူများ၏ ကျန်းမာရေးထိခိုက်နိုင်

စံချိန်မီအစားအသောက်နှင့် ဆေးဝါးများ ထုတ်လုပ်တင်သွင်းခြင်းဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းကူညီ

ရန်ကုန် ဇူလိုင် ၂၃

ခေတ်မီဆန်းပြားသော နည်းပညာများတိုးတက်နေသည့် ယနေ့အချိန်အခါတွင် ပြည်တွင်းပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် အစားအသောက်များ၏ ထုပ်ပိုးမှုနှင့် ခွင့်မပြုဆိုးဆေးများ ပါဝင်မှုတို့ကြောင့် စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း သိရှိရသည်။

ကျောင်းသားလူငယ်များနှင့် စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို မထိခိုက်စေရန်နှင့် အန္တရာယ်မရှိစေရန်အတွက် ကျောင်းဈေးများ၌ ရောင်းချသော ဆီးပေါင်း၊ဆီးယို၊ အချဉ်ထုပ်များ စသည်များနှင့် ဈေးများ၊ စတိုးဆိုင်ကြီးများ၌ ရောင်းချသည့် အစားအစာများ အရည်အသွေး၊စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ညီညွတ်မှန်ကန်စေရန် နိုင်ငံတော်အစိုးရက ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ အစားအသောက်နှင့် ဆေးဝါးများနှင့်ပတ်သက်၍ အမျိုးသားဥပဒေ ပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်းကောင်း၊ စည်ပင်သာယာရေးဌာနများအနေဖြင့်လည်းကောင်း ပြည်သူများစစ်မှန်၍ အရည်အသွေးပြည့်မီသော အစားအသောက်နှင့် ဆေးဝါးများရရှိသုံးစွဲနိုင်စေရန် စိစစ်၊ စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တို့၌ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများက ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ကျန်မြို့နယ်များ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးဦးစီးဌာနနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းတာဝန်ယူစိစစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ပြည်သူများအတွက် အန္တရာယ်မဖြစ်စေရန် ဆေးဝါး အရည်အသွေး အာနိသင်ရှိမှုနှင့် ဘေးထွက်ဆိုးကျိုးများရှိသော ဆေးဝါးများကို ဆေးဝါးအကြံပေးကော်မတီက စိစစ်မှုပြုလုပ်ပြီး အာနိသင်ထက်မြက်၍ ဘေးထွက်ဆိုးကျိုးမရှိသော ဆေးဝါးများကိုသာ မှတ်ပုံတင်ခွင့်ပြုပေးလျက်ရှိသည်။ စံချိန်မမီသောဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံချိန်မီနမူနာနှင့် ကွဲပြားခြားနားလျက် ထုတ်လုပ်တင်သွင်းသည့် စံချိန်မမီဆေးဝါးများကို အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီက စဉ်ဆက်မပြတ် စိစစ်၊ စမ်းသပ်စစ်ဆေး၍ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

အစားအသောက်နှင့် ဆေးဝါးများ ထုတ်လုပ်တင်သွင်းကြသူများအနေဖြင့် ပြည်သူလူထုအတွက် အန္တရာယ်ကင်းစင်ပြီး အရည်အသွေး စံချိန်စံညွှန်းပြည့်မီသည့် စစ်မှန်ကောင်းမွန်အာနိသင်ရှိသော အစားအသောက်နှင့် ဆေးဝါးများကိုသာ ထုတ်လုပ်တင်သွင်းခြင်းဖြင့် နိုင်ငံတော်က တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းကူညီကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၅ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းများကို ယနေ့ ဇူလိုင် ၂၄ရက် တနင်္ဂနွေနေ့ နံနက် ၆ နာရီ၌ ထုတ်ပြန်ကြေညာသည်။

အဆိုပါ အောင်စာရင်းများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းနှင့် မြို့နယ် အသီးသီးရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌ တစ်ချိန်တည်း ကြေညာကပ်ထားကြောင်း သိရသည်။

ပြည်နယ်/တိုင်း အောင်စာရင်းများ

ထို့အပြင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်း ရန်ကုန်တိုင်းမှအပ အခြားပြည်နယ်နှင့်တိုင်းများ၏ အဆိုပါအောင်စာရင်းများကို ကပ်ထားပေးသည်။ (သတင်းစဉ်)

လမိုင်း ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား စတင်ထုတ်လွှင့်

ရန်ကုန် ဇူလိုင် ၂၃

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ မွန်ပြည်နယ် ရေးမြို့နယ် လမိုင်း၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၅ ခုနှစ် ဇူလိုင် ၁၇ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

၂၀၀၅ခုနှစ် ဇူလိုင် ၁၈ရက်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အဆိုပါစက်ရုံမှ လွှင့်အားဝပ် ၁၀၀၊ လှိုင်းနှုန်း ၁၀ဖြင့် အရုပ်/အသံ ကြည်လင်ပြတ်သားစွာ ထုတ်လွှင့်ပေးလျက်ရှိသည်။(သတင်းစဉ်)